မြန်မာ့အလင်း

၁၂၉၁ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်၊ သောကြာနေ့၊ အတွဲ(၄၆)၊ အမှတ်(၁၁၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဩစတြေးလျနိုင်ငံ ဘုရင်ခံချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော ဩစတြေးလျနိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဩစတြေးလျနိုင်ငံ ဘုရင်ခံချုပ် ဗိုလ်ချုပ်မိုက်ကယ်ဂျက်ဖရီ (အငြိမ်းစား)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၈)မှ သင်တန်းသား သင်တန်းသူများအား ဩဝါဒစကား မြွက်ကြားစဉ်။ (သတင်းစဉ်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီးဖြစ်လာရေး နိုင်ငံတော်က ကြိုးပမ်းနေ ဒေသတိုင်း၌ ပညာတတ်များပေါ်များလာပြီး ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နိုင်ပါမှ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးလာမည်ဟူသည့် ခံယူချက်ဖြင့် တက်တက်ကြွကြွပါဝင် တိုင်းရင်းသားပြည်သူများအကြား ပြည်ထောင်စုစိတ်ဓာတ်တိုးပွားခိုင်မာစေရန် စည်းရုံးဦးဆောင်

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၈)မှ သင်တန်းသား သင်တန်းသူများက ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန အနော်ရထာခန်းမ၌ တွေ့ဆုံဂါရဝပြုပြီး ဩဝါဒခံယူကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)

အမေရိကန်နှင့် ဗြိတိန်တို့၏ မူမမှန်သည့်လုပ်ရပ် ကုလသမဂ္ဂ၏ ပဋိညာဉ်စာတမ်းကို ဆန့်ကျင်ဖီလာပြု

အမေရိကန်နှင့် ဗြိတိန်တို့ ဦးဆောင်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဇန်နဝါရီလ ၁၂ ရက်က မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းတင်သွင်း၍ မဲခွဲဆုံးဖြတ်တောင်းဆိုမှုအပေါ် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က ကန့်ကွက်စာရေးသားပေးပို့ခဲ့သည်။

မြန်မာနိုင်ငံ၏ အရေးကိစ္စသည် ဒေသတွင်း၊ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်သည်ဟူသော လုပ်ကြံစွပ်စွဲချက်ဖြင့် အမေရိကန်အစိုးရက ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ထည့်သွင်းဆွေးနွေးရန် အားထုတ် ကြိုးပမ်းခဲ့သည်။ ယင်းသို့ အမေရိကန်၏ မူမမှန်သည့် လုပ်ရပ်ကို နိုင်ငံတကာက လက်မခံဘဲ ဆန့်ကျင် ကန့်ကွက်ခဲ့ကြသည်။

ထို့အတူ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးကလည်း အမေရိကန်၏နည်းမျိုးစုံဖြင့် ဖိအားပေးလုပ်ဆောင်နေခြင်းကို ဆန့်ကျင်ကန့်ကွက်ကြောင်း ၂၀၀၆ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့က လုံခြုံရေးကောင်စီဥက္ကဋ္ဌထံသို့ စာရေးသား ပေးပို့ခဲ့သည်။

၂၀၀၆ခုနှစ် စက်တင်ဘာလ ၁၇ရက်နေ့တွင် ကျူးဘားနိုင်ငံ၌ ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ထိပ်သီးညီလာခံကလည်း **"မြန်မာနိုင်ငံအရေးကိစ္စအား လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းခြင်းသည် လုံခြုံရေးကောင်စီ၏ လုပ်ပိုင်ခွင့်ဘောင်ကို ကျော်လွန်လုပ်ဆောင်ခြင်းဖြစ်၍ စိုးရိမ်မကင်းဖြစ်ကြောင်း၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကို လေးစားလိုက်နာရန် လုံခြုံရေးကောင်စီအား တောင်းဆိုကြောင်း၊ လက်ရှိအစိုးရကိုပြုတ်ကျစေပြီး အစိုးရသစ်တင်ရန် ကြိုးပမ်းမှုဟူသမျှကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က ပယ်ချကြောင်း"** ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းသို့ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးနှင့် အခြားနိုင်ငံများက ဆန့်ကျင်ကန့်ကွက်နေသည့်ကြားမှ အမေရိကန်နှင့်ဗြိတိန်တို့ပူးပေါင်းပြီး အဆိုပြုချက်မူကြမ်းတင်သွင်းခဲ့သဖြင့် ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ကြီးက ၎င်းတို့၏လုပ်ရပ်အပေါ် ထပ်မံဆန့်ကျင်ကန့်ကွက်လိုက်ခြင်းပင် ဖြစ်သည်။ ယခုအခါ ဘက်မလိုက်လှုပ်ရှားမှု ညှိနှိုင်းရေး ဗျူရိုအစည်းအဝေးက အဖွဲ့ဝင်နိုင်ငံများ၏သဘောထားအသီးသီးကိုရယူပြီး ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီဥက္ကဋ္ဌထံ ကန့်ကွက်စာတစ်စောင် ထပ်မံရေးသားပေးပို့ ခဲ့ပြန်သည်။

အဆိုပါစာတွင် ကုလသမဂ္ဂပင်မအဖွဲ့အစည်းများနှင့် လက်အောက်ခံအဖွဲ့အစည်းများမှ ဆောင်ရွက်ရမည့်ကိစ္စများတွင် လုံခြုံရေးကောင်စီက ဝင်ရောက်စွက်ဖက်သည့်အတွက် ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့က စိုးရိမ်မကင်းဖြစ်လျက်ရှိကြောင်း၊ နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ခြိမ်းခြောက်ထိပါးခြင်းမရှိသည့် အဖွဲ့ဝင်နိုင်ငံများ၏ ကိစ္စရပ်များကို ပါဝင်ဆောင်ရွက်ခြင်းသည် ကုလသမဂ္ဂပဋိညာဉ် စာတမ်းကို ဆန့်ကျင်ဖီလာပြုလျက်ရှိကြောင်း၊ လုံခြုံရေးကောင်စီ၏ ဆောင်ရွက်ရမည့်ကိစ္စ၊ လုပ်ပိုင် ခွင့်အာဏာတို့နှင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို လေးစား လိုက်နာရန် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က ထပ်မံတိုက်တွန်းထားကြောင်း ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နှင့်ဗြိတိန်တို့၏ မမှန်ကန်သော မသမာသည့်လုပ်ရပ် အောင်မြင်မှုမရဘဲ အရေးနိမ့်သွားခြင်းသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်ဟူသည့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ရည်ရွယ်ချက်များကို လေးစားလိုက်နာ ကျင့်သုံးသူများအတွက် အောင်ပွဲပင် ဖြစ်ပေသည်။

ထို့ကြောင့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးနှင့် အမှန်တရားကို မြတ်နိုးသော နိုင်ငံတကာအသိုင်းအဝိုင်း၏ ပေါင်းစည်းညီညွတ်အားသည် မြန်မာနိုင်ငံအတွက်သာမက အနာဂတ်ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်ပါ ကောင်းမြတ်သော နိုင်ငံတကာ အစဉ်အလာတစ်ရပ်ကို ချမှတ်ပျိုးထောင်ပေးလိုက်ခြင်းပင်ဖြစ်ကြောင်း ဖော်ပြလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အီရတ်သို့ ကန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရေး ဘုရှ်၏အစီအစဉ် အမေရိကန်အထက်လွှတ်တော်က ပယ်ချ

ဝါရှင်တန် ဇန်နဝါရီ ၂၅

အီရတ်သို့ အမေရိကန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရေး သမ္မတဘုရှ်၏ အစီအစဉ်ကို အမေရိကန် အထက်လွှတ်တော်က ဇန်နဝါရီ၂၄ရက်က ပြတ်ပြတ် သားသား ကန့်ကွက်ပယ်ချလိုက်သည်။

သမ္မတဘုရှ်၏ အီရတ်သို့ အမေရိကန်တပ်ဖွဲ့များ စေလွှတ်ရေး အစီအစဉ်ကို အမေရိကန်အထက်လွှတ်တော် နိုင်ငံခြား ဆက်ဆံရေးကော်မတီက မဲခွဲခဲ့ရာ ၁၂မဲ၊ ကိုးမဲဖြင့် ပြတ်သားစွာ ပယ်ချခဲ့ခြင်း ဖြစ်သည်။

မှားယွင်း

အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့် ဒီလာဝဲယားပြည်နယ် ဒီမိုကရက်တစ်အထက်လွှတ်တော်အမတ် ဂျိုးဇက်ဘီဒင်က သမ္မတဘုရှ်၏ အစီစဉ်သည် စစ်မက်ဖြစ်ပွားနေသော တိုင်းပြည်သို့ အမေရိကန်တပ်ဖွဲ့ဝင် စေလွှတ်ခြင်းဖြစ်ရာ အလွန်မှားယွင်းသော လုပ်ဆောင်ချက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် သမ္မတဘုရှ်၏ လုပ်ဆောင်ချက်အမှားကို မိမိတို့က တားဆီးလိုက်ခြင်းဖြစ်ကြောင်း၊ သမ္မတ ဘုရှ်အနေဖြင့် ယခုထက် ပိုမိုကောင်းမွန်သော အစီအစဉ်တစ်ရပ်ကို ချမှတ်ရန်လိုကြောင်းလည်း ၎င်းက ပြောကြားသည်။

ထင်ထင်ရှားရှားပြသ

ဘဂ္ဂဒက်မြို့တော်နှင့် အန်ဘာပြည်နယ်သို့ အမေရိကန်တပ်ဖွဲ့ဝင် ၂၁၅၀၀ စေလွှတ်ရေး သမ္မတဘုရှ်၏ အစီအစဉ်အပေါ် အမေရိကန်အထက်လွှတ်တော်၏ သဘောထားကို ထင်ထင်ရှားရှား ပြသလိုက်ခြင်းပင် ဖြစ်ကြောင်း ဂျိုးဇက်ဘီဒင်က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရန်နိုင်ငံက ပြည်တွင်းလုပ် ဒုံးကျည်နှစ်စင်းအောင်မြင်စွာ စမ်းသပ်ပစ်လွှတ်

တီဟီရန် ဇန်နဝါရီ ၂၅

အီရန်နိုင်ငံသည် ပြည်တွင်းလုပ် ဒုံးကျည်နှစ်စင်းကို ဇန်နဝါရီ ၂၃ရက်က အောင်မြင်စွာစမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း အီရန်နိုင်ငံ၏ ဖားစ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

အီရန်စစ်ဘက်က ယခုစမ်းသပ်လိုက်သည့် ဇယ်ဇယ်နှင့်ဖာဂျာ-၅ ဒုံးကျည်များသည် အီရန်နိုင်ငံ၏ မြေပြင်တပ်ဖွဲ့ဝင်များအတွက် ဖြည့်ဆည်းပေးမည့် လက်နက်များဖြစ်ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့မှ ဗိုလ်မှူးချုပ်မာဂျီအာယိတ်က ပြောကြားသည်။

ပစ်ခတ်

ယခုစမ်းသပ်လိုက်သည့် ဖာဂျာ-၅ ဒုံးကျည်သည် ၇၅ကီလိုမီတာအကွာအဝေးအထိ ပစ်ခတ်နိုင်သလို ဇယ်ဇယ် ဒုံးကျည်မှာ ကီလိုမီတာ ၁၀၀မှ ကီလိုမီတာ ၄၀၀ အထိ ပစ်ခတ်နိုင်ကြောင်း ဖားစ်သတင်းဌာနမှ ထုတ်ပြန်သော သတင်း၌ ဖော်ပြသည်။

အီရန်နိုင်ငံသည် အမေရိကန်တို့အနေဖြင့် မကြာမီအချိန်အတွင်းက ပင်လယ်ကွေ့သို့ ဒုတိယမြောက် လေယာဉ်တင် စစ်သင်္ဘောတစ်စင်း ဖြန့်ချခဲ့ပြီးနောက် လက်နက်စမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။

အာရုံစိုက်

အီရန်နိုင်ငံသည် နျူကလီးယားကိစ္စနှင့်ပတ်သက်၍ လွန်ခဲ့သည့်သုံးနှစ်မှစတင်ကာ ကမ္ဘာ့နိုင်ငံများ၏ အာရုံစိုက်မှုကို ခံခဲ့ရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၁-၂၀၀၇
(သောကြာနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇း၀၅ သူအရင်လိုမဟုတ်တော့ဘူး တရားတော် (ဓမ္မဒူတအရှင်ဆေကိန္ဒ)
- ၈း၁၅ နတ်မ (ဝိတိုရိယ)တောင်မှ အတွေ့အကြုံများ
- ၈း၄၅ တေးဂီတအစီအစဉ်
- ၈း၅၀ Myanmar Video Rhythm
- ၉း၄၀ ပြည်တွင်းသတင်းအကျဉ်း
- ၉း၅၀ ယဉ်ကျေးမှု လက်ရာစုံစွာ ဘုရားအာနန္ဒာ
- ၁၀း၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၁၀ တေးဂီတအစီအစဉ်
- ၁၀း၁၅ မျက်စိအတွင်းတိမ် ရေတိမ်ရောဂါ အကြောင်း သိကောင်းစရာ (ဒေါက်တာထွန်းအောင်ကျော်)
- ၁၀း၃၅ မိုးလေဝသခန့်မှန်းချက်
- ၁၀း၄၀ တေးဂီတအစီအစဉ်
- ၁၀း၄၅ သဘာဝကပေးတဲ့ အကျိုးအာနိသင်
- ၁၁း၀၀ တေးဂီတအစီအစဉ်
- ၁၁း၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၁၅ ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာသုံးစွဲနည်း
- ၁၁း၂၅ တေးဂီတအစီအစဉ်
- ၁၁း၃၀ Alex (Black and White Birthday Show)
- ၁၂း၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၂၀ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (စာပေနှင့် အနုပညာဆိုင်ရာ မူပိုင်ခွင့်) ဆွေးနွေးခန်း (ဒေါက်တာကြည်ပြာမိုး၊ ဒေါက်တာနှင်းနွယ်အေး၊ ဒေါက်တာမိုးမိုးသွယ်)
- ၁၂း၄၅ တေးဂီတအစီအစဉ်
- ၁၂း၅၀ မေတ္တာရိပ်
- ၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၉) ရပ်ကွက် သုရ(၂) လမ်း အမှတ် ၅၂၈ နေ ဒေါ်ယဉ်နုမိသားစုနှင့် ညီမ ဒေါ်ခင်စု တို့က ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွား ရိပ်သာ အုပ်ချုပ်ရေး အဖွဲ့တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၆-၁-၂၀၀၇
(သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆း၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြစ်တစ်စင်းရဲ့သံစဉ်"** (အပိုင်း-၁၄)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း-၁၇)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘိုင်ရွန်ဆင်းရှေခါဝပ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ကြံခင်းရေဝန်းဆရာတော် တရားဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂၅

ဧရာဝတီတိုင်း ကြံခင်းမြို့ ရေဝန်းကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တစိန္တိတ (သာသနဓဇမ္မောစရိယ) သည် ဧရာဝတီတိုင်း အင်္ဂပူမြို့ ဇေယျသုခကျောင်း စာတော်ပြန်ပွဲ၌ (တပို့တွဲလပြည့်ကျော် ၆ ရက်) ည ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာကျမ်းဂန်တော်လာ ဂိဟိဝိနယဆုံးမစာ အမှတ်စဉ်(၁၀)

ဆင်းရဲမကွာ၊ ချမ်းသာမပစ်သော အဆွေခင်ပွန်းစစ်(၄)ယောက်

မိမိဆင်းရဲသည့် အခါတွင်ပင် ခွဲခွာသွားခြင်းမရှိဘဲ၊ သူချမ်းသာသည့် အခါတွင်လည်း မိမိအား ပစ်မပြေးသော အဆွေခင်ပွန်းစစ်တို့မည်သည် အောက်ပါအတိုင်း ကျင့်ကြံသူများ ဖြစ်ပါသည်။

- မိမိအတွက် လျှို့ဝှက်စကားကို သူကြားသော်လည်း သူတစ်ပါးမသိအောင် မိမိကဲ့သို့ လျှို့ဝှက်ထိန်းသိမ်းပေးသူ၊
- မိမိဘေးအန္တရာယ်နှင့်တွေ့သည့်အခါ မိမိအား ထား၍ စွန့်ပစ်မပြေးသူ၊
- မိမိအပေါ်တွင် မတွန့်မတို ပေးကမ်းကူညီသူ၊
- မိမိအန္တရာယ်နှင့် တွေ့ကြုံသည့်အခါတွင် လိုအပ်ပါက သူ့အသက်ကိုပင်စွန့်၍ ကယ်တင်ဆောင်ရွက်ပေးသူ။

“လျှို့ဝှက်စကား ကြားစေတုံလျက်၊ သူလျှို့ဝှက်၍ ဘေးတွေ့မစွန့်၊ မတွန့်လိုပါ၊ သူ့ကိုညာလျက် ကိုယ့်သက်စွန့်မြောက်၊ ဤ(၄)ယောက်ကား မှုလောက်ချမ်းသာ ဆင်းရဲတည်း”

အထက်ဖော်ပြပါ အဆွေခင်ပွန်းစစ်မျိုးများသည် ဆင်းရဲမကွာ၊ ချမ်းသာအတူ အမြဲရှိနေသင့်သူများသာ ဖြစ်ပါသည်။ ။

(သာသနာရေး)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း သြစတြေးလျနိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော သြစတြေးလျနိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ သြစတြေးလျနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျွန်ဟားဝပ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

❒ ကျောဖုံးမှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ညနေ ၆ နာရီ ၂၅ မိနစ်တွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံမည့် ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာသို့ ရောက်ရှိလာပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၈)မှ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်း အမှတ်စဉ်(၃၈)မှ သင်တန်းသား သင်တန်းသူများ၊ လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အထူးဖိတ်ကြားထားသူများ၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၈)မှ သင်တန်းကြီးကြပ်သူ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဖျော်ဖြေတင်ဆက်

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ပြီး ယနေ့မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

ကြိုဆို

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံအမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

လက်ဆောင်ပေးအပ်

ယင်းနောက် အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းအား ချစ်ကြည်ရေး ခရီးစဉ်မှတ်တမ်းတင်စီဒီကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် ဧည့်သည်တော် မစ္စတာလီထယ်ရင်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည်လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြ၊ သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာကွမ်မုနှင့် သံရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရှိ တရုတ်ကုန်သည်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ကြည့်ရှုလေ့လာ

အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဒို့အားဒို့အင် ဒို့လမ်းစဉ်ကို ဒို့ပင်တည်ဆောက်ကြပါစို့

သူ့နိုင်ငံရေး၊ သူတို့တွေးလို့
သူ့ရေး သူ့ရာ၊ သူ့ဝန်တာကို
သူသာသတ်မှတ်၊ သူရေးစပ်ခဲ့ကြတာပဲ။

ကမ္ဘာ့အရေး၊ စုပေါင်းတွေးလို့
အရေးပေါ်လာ၊ ညီညာစွာနဲ့
သူ့တာ၊ ငါ့တာ၊ ခွဲကာမထား၊
စုပေါင်းရေးသွားကြတာပဲ။

ဒို့နိုင်ငံရေး၊ ဒို့များတွေးလို့
ဒို့ရေး ဒို့ရာ၊ ဒို့ဝန်တာကို
ဒို့မှာမအေး၊ သမိုင်းပေးမို့
ဒို့ပေးဆပ်ကြရမှာပဲ။

ဒါကိုမလို၊ မကြိုဆိုလဲ
နေမြဲမနေ၊ တွေဝေမိုက်မဲ
သွေးခွဲမည့်အကြံ၊ ဆိုးညစ်ဉာဏ်ကို
တွန်းလှန်ပစ်ကာ၊ မလိုက်နာမှု
ကြီးစွာရန်သူ၊ စွဲမှတ်ယူ၍
ဆူပူသည့်ရေး၊ လှုံ့ဆော်ပေးပြီး
သူရေးလာပုံ၊ ကုလခုံမှာ
တင်ကာဟစ်ကြွေး၊ ရာဇသံပေးလဲ
ဒို့ရေးပြည်ရွာ၊ သိကြတာမို့
ဗီတိုအာဏာ၊ သုံးခဲ့တာဟာ
ကမ္ဘာမှာပင်၊ မှတ်တမ်းတင်ခဲ့ရပြီပဲ။

ဒါကြောင့်မို့လဲ
ဒို့ပြည်အရေး၊ သွေးမအေးဘဲ
မနေးအစဉ်၊ လမ်းစဉ် (၇)ရပ်
ချမှတ်ကာထား၊ ဒို့မူများနှင့်
ဒို့အား ဒို့အင်၊ ဒို့လမ်းစဉ်ကို
ဒို့ပင်တည်ဆောက်ကြပါစို့။ ။

လှသိန်း (သတ္တုတွင်း)

26-1 (03) 1 3/24/1905, 11:52 PM

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးတွင် တင်ပြခဲ့ကြသည့် အမျိုးသမီးများ၏ဘဝလုံခြုံမှု ကာကွယ်စောင့်ရှောက်ရေးကဏ္ဍနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ၌ ပြည်နယ်နှင့်တိုင်းအလိုက် ၂၀၀၆ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့မှုအခြေအနေများ

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၃ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် အမျိုးသမီးများ၏ဘဝလုံခြုံမှု ကာကွယ်စောင့်ရှောက်ရေးကဏ္ဍနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများ၌ ပြည်နယ်နှင့်တိုင်းအလိုက် ၂၀၀၆ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့မှုအခြေအနေများကို တင်ပြကြသည်။

အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းတွင် ကြိုတင်ကာကွယ်ရေးအတွက် ဟောပြောပွဲ၊ ဥပဒေဆိုင်ရာ ရှင်းလင်းပွဲများပြုလုပ်ခြင်း အကြိမ်(၇၉၈၀)၊ လူဦးရေ၉ ဒသမ ၁ သိန်း၊ ပညာပေးဌာန ၇၇ ဌာနဖွင့်လှစ်ခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်း ကျား ၁၂ ဦး၊ မ ၃၇၅ ဦး၊ အကြမ်းဖက်ခံရသူ အမျိုးသမီးများအား ဥပဒေကြောင်းအရ အကာအကွယ်ပေးခြင်း (၃၉၈)ကြိမ်တို့ကို ပြည်နယ်၊ တိုင်းအလိုက် အကောင်အထည်ဖော်နိုင်ခဲ့သည်။

အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

စဉ်	ပြည်နယ်/တိုင်း	ဟောပြောပွဲခြင်း		ပညာပေး ဌာန ဖွင့်လှစ်ခြင်း	နှစ်သိမ့် ဆွေးနွေး ခြင်း	ဥပဒေကြောင်းအရ အကာအကွယ်ပေးခြင်း		
		အကြိမ်	ဦးရေ			[illegible]	[illegible]	[illegible]
၁	ကချင်	၁၁၁	[illegible]	၅	၄	၁၂	၅	၁
၂	ကယား	[illegible]	[illegible]	၇	၇	-	၄	-
၃	ကရင်	[illegible]	[illegible]	၄	၃၈	၇	၁၀	-
၄	ချင်း	[illegible]	[illegible]	၂	၁၁	-	-	-
၅	စစ်ကိုင်း	[illegible]	[illegible]	၈	၉	၂၀	၂၆	၄
၆	တနင်္သာရီ	၁၂၀	[illegible]	၇	၇	၅	၅	-
၇	ပဲခူး	[illegible]	[illegible]	၂	၈၇	၁၂	၈	-
၈	ပဲခူး(အနောက်)	[illegible]	[illegible]	၂	၃၈	၄၂	၇၂	-
၉	မကွေး	၁၀၇	[illegible]	၁၁	၈	၁၂	၅၂	-
၁၀	မန္တလေး	[illegible]	[illegible]	၈	၁၀	၈၅	၄၄	-
၁၁	မွန်	[illegible]	[illegible]	၇	၇၂	၇	၈	-
၁၂	ရန်ကုန်	[illegible]	[illegible]	၄	၂၀	၆	၅	၁
၁၃	ရခိုင်	[illegible]	[illegible]	၇	၆၇	၉	၈၇	-
၁၄	ရှမ်း(တောင်)	[illegible]	[illegible]	၅	၁၂	၄	၁၆	-
၁၅	ရှမ်း(မြောက်)	[illegible]	[illegible]	၅	၁၆	-	၄	-
၁၆	ရှမ်း(အရှေ့)	၅၅၅	[illegible]	၄	၈၄	၂	၄	-
၁၇	ဧရာဝတီ	[illegible]	[illegible]	၅	၄၀	၈၅	၈၇	-
	စုစုပေါင်း	[illegible]	[illegible]	၇၇	[illegible]	[illegible]	[illegible]	၆

ဝက်လက်မြို့နယ် သရိုင်ကျေးရွာတွင် အမျိုးသမီးရေးရာအဖွဲ့ဝင်များ စကားဝိုင်း ဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)



ကော့သောင်းမြို့နယ် ပုလုံးတုံးတုံးကျေးရွာတွင် လူမှောင်ခိုကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ စကားဝိုင်းများဖြင့် ဤသို့ ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူမှောင်ခိုမှုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းတွင် ကြိုတင်ကာကွယ်ရေးအတွက် ပညာပေး ဟောပြောဆွေးနွေးခြင်း(၄၆၂၁)ကြိမ်၊ လူဦးရေ ၇ ဒသမ ၇ သိန်း၊ လမ်းခရီးမှ တားဆီးပြန်လွှတ်ခြင်း ကျား ၂၃၆၉ ဦး၊ မ ၁၀၄၀ ဖော်ထုတ်အရေးယူခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းဆိုင်ရာဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

စဉ်	ပြည်နယ်/ တိုင်း	ဟောပြောပွဲခြင်း		တားဆီး ပြန်လွှတ်ခြင်း			လူကုန်ကူးမှုပေါင်း				အပြစ်ပေးခံရသည့် တရားခံဦးရေ		
								လူကုန်ကူးခံရသူဦးရေ					
		အကြိမ်	ဦးရေ	ကျား	မ	ပေါင်း	အကြိမ်	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
၁	ကချင်	၁၄၄	[illegible]	-	၂	၂	၁၄	-	၁၄	၁၄	၄	၇	၁၁
၂	ကယား	၆၁	[illegible]	-	-	-	-	-	-	-	-	-	-
၃	ကရင်	၂၁၀	[illegible]	[illegible]	[illegible]	[illegible]	၆	၁၁	၂၂	[illegible]	၁၆	၆	၂၂
၄	ချင်း	၈၅	[illegible]	-	-	-	-	-	-	-	-	-	-
၅	စစ်ကိုင်း	၅၇	[illegible]	-	၂	၂	-	-	-	-	-	-	-
၆	တနင်္သာရီ	[illegible]	[illegible]	[illegible]	[illegible]	[illegible]	၂၉	၈၇	[illegible]	[illegible]	၅၀	၈	၅၈
၇	ပဲခူး	၁၄၇	[illegible]	၂	၈၅	၈၇	၁	-	၁	၁	-	၁၁	၁၁
၈	ပဲခူး(အနောက်)	၂၀	[illegible]	-	၁	၁	-	-	-	-	-	-	-
၉	မကွေး	၃၉	[illegible]	-	၂	၂	၁	-	၁	၁	-	-	-
၁၀	မန္တလေး	[illegible]	[illegible]	-	၁၀	၁၀	၅	-	၁၂	၁၂	၅	၆	၁၁
၁၁	မွန်	[illegible]	[illegible]	၂၉	၂၈	၅၇	၄	-	-	-	-	-	-
၁၂	ရခိုင်	[illegible]	[illegible]	-	-	-	-	-	-	-	-	-	-
၁၃	ရန်ကုန်	[illegible]	[illegible]	၅	၈၇	၉၂	၇	၁	၁၄	၁၅	၂	၄	၆
၁၄	ရှမ်း(တောင်)	[illegible]	[illegible]	[illegible]	၄၀	[illegible]	၄	၂၀	[illegible]	[illegible]	၃	၁	၄
၁၅	ရှမ်း(အရှေ့)	[illegible]	[illegible]	၇	၂၈	[illegible]	၇	၄	၁၆	၂၀	၁၄	၄	၁၈
၁၆	ရှမ်း(မြောက်)	[illegible]	[illegible]	-	၅၈	၅၈	၁၄	-	၅၀	၅၀	၁၅	၂	၁၇
၁၇	ဧရာဝတီ	[illegible]	[illegible]	-	-	-	-	-	-	-	-	-	-
	စုစုပေါင်း	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

စာမျက်နှာ ၅ ကော်လံ ၁ သို့

26-1 (04) 1 3/24/1905, 11:52 PM

စာမျက်နှာ ၄ မှ

ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းတွင် လူကုန်ကူးမှုခံရသော အမျိုးသမီးများအား နှစ်သိမ့်ဆွေးနွေးခြင်း (၁၃၂၉)ကြိမ်၊ လူဦးရေ၂၇၁၁ ဦး၊ အကြမ်းဖက်ခြင်း၊ လူကုန်ကူးခြင်းမခံရစေရန် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးခြင်း (၉၈၇)ကြိမ်၊ လူဦးရေ ၂၀၈၁၂ ဦး၊ ထောက်ပံ့ခြင်း(၅၄၂)ကြိမ်၊ လူဦးရေ ၄၉၂၂ ဦးနှင့် မိဘရပ်ထံ ပြန်လည်ပို့ဆောင်ခြင်း (၁၉၉)ကြိမ်၊ လူဦးရေ ၅၇၂ ဦးတို့ကို အကောင်အထည်ဖော်နိုင်ခဲ့သည်။

ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

စဉ်	ပြည်နယ်/တိုင်း	နှစ်သိမ့်ဆွေးနွေးခြင်း		အသက်မွေးဝမ်းကျောင်းသင်တန်းပေးခြင်း		မိဘရပ်ထံပြန်ပို့ခြင်း		ထောက်ပံ့ခြင်း	
		အကြိမ်	ဦးရေ	အကြိမ်	ဦးရေ	အကြိမ်	ဦးရေ	အကြိမ်	ဦးရေ
၁	ကချင်	၁၅	၅၆	၈	၃၇၈	၁၃	၁၅	၁၆	၆၃၈
၂	ကယား	၁၁	၁၅	၆	၁၄၄	-	-	၁၄	၂
၃	ကရင်	၂၆	၁၀၄	၂၆	၈၂၇	၃၄	၆၈	၆	၈
၄	ချင်း	၁၈	၂၆	၁၈	၃၇၉	-	-	၂	၇
၅	စစ်ကိုင်း	၁၀၈	၂၇၉	၁၄၈	၃၃၇၆	၃	၄	၁၄၆	၂၅၃၈
၆	တနင်္သာရီ	၃၃	၁၁၉	၁၆	၄၀၀	၂၉	၉၀	၁၉	၁၁၉
၇	ပဲခူး	၂၇	၂၉	၅၂	၁၇၉၅	၁၉	၄၂	၁၆	၆၈
၈	ပဲခူး(အနောက်)	၁၅	၄၂	၂	၃၀	၃	၉	၁၂	၃၀
၉	မကွေး	၁၄	၁၄	၁၂	၂၉၅	၁	၁	၂၉	၅၀
၁၀	မန္တလေး	၉၉	၁၄၄	၃၆၅	၄၅၇၆	၁၄	၅၄	၈	၅၉၅
၁၁	မွန်	၄၂	၅၃	၂၇	၁၀၆၀	၆	၅၀	၂၇	၂၉
၁၂	ရခိုင်	၅၃	၁၅၅	၂၉	၂၇၇	-	-	၅	၆
၁၃	ရန်ကုန်	၂၆	၁၄၆	၁	၂	၂၈	၆၂	၃၈	၄၀၇
၁၄	ရှမ်း(တောင်)	၂၀၀	၆၂၇	၁၅၉	၄၇၉၉	၁၄	၆၉	၁၁၁	၅၁၄
၁၅	ရှမ်း(အရှေ့)	၄၀	၇၆	၂၈	၆၄၄	၈	၂၈	၉	၄၀
၁၆	ရှမ်း(မြောက်)	၄၁၁	၅၃၀	၁၈	၂၇၈	၁၇	၅၅	၁၅	၁၀၇
၁၇	ဧရာဝတီ	၆၇	၂၅၅	၅၂	၁၂၅၆	၁၁	၁၂	၅၃	၂၆၅
	စုစုပေါင်း	၁၃၂၉	၂၇၁၁	၉၈၇	၂၀၈၁၂	၁၉၉	၅၇၂	၅၄၂	၄၉၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြူကြူလှနှင့် အမျိုးသမီးရေးရာအဖွဲ့များ သက်ကြီးစာဖတ်ဝိုင်းများသို့ ဤသို့သွားရောက် ကြည့်ရှုအားပေးခဲ့ကြသည်။ (သတင်းစဉ်)

ဘားအံမြို့ ကရင်ဘော်ဒါဆောင်တွင် ဘားအံခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ဤသို့ စေတနာ့ညနေခင်းစာသင်ဝိုင်း ဖွင့်လှစ်သင်ကြားခဲ့သည်။ (သတင်းစဉ်)

အမျိုးသမီးများလူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ပညာရေးလုပ်ငန်းတွင် ပညာသင်စရိတ်ထောက်ပံ့ခြင်း၊ လူဦးရေ ၂၀၆၉၉ ဦး၊ တန်ဖိုးငွေ ၃၄၂ သိန်း၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံအတွက်ထောက်ပံ့ခြင်း လူဦးရေ ၆၄၁၇၄ဦး၊ တန်ဖိုးငွေကျပ် ၃၆၃ ဒသမ ၃ သိန်း၊ စေတနာ့ညကျောင်းဖွင့်လှစ်ခြင်း (၁၂၂)ကြိမ်၊ လူဦးရေ ၁၂၅၃ဦး၊ သက်ကြီးစာဖတ်ဝိုင်း အကြိမ်(၁၅၀)၊ လူဦးရေ ၂၅၆၄၇ဦးနှင့် ပညာထူးချွန်သူ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူ ၁၇၂၈ဦးအား ကျပ် ၇၆ ဒသမ ၂ သိန်းကို ဆုချီးမြှင့်နိုင်ခဲ့သည်။ ***စာမျက်နှာ ၆ ကော်လံ ၁ သို့***

ပညာရေးလုပ်ငန်း ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

စဉ်	ပြည်နယ်/တိုင်း	ပညာသင်ထောက်ပံ့ခြင်း – ပညာသင်စရိတ်		ပညာသင်ထောက်ပံ့ခြင်း – စာရေးကိရိယာ		ပညာသင်ထောက်ပံ့ခြင်း – ဝတ်စုံ		စေတနာ့ညကျောင်း		သက်ကြီးစာဖတ်ဝိုင်း စာသင်ဝိုင်း		ပညာထူးချွန်ဆု – မူလတန်း		ပညာထူးချွန်ဆု – အလယ်တန်း		ပညာထူးချွန်ဆု – အထက်တန်း	
		ဦးရေ	တန်ဖိုး	ဦးရေ	တန်ဖိုး	ဦးရေ	တန်ဖိုး	အကြိမ်	ဦးရေ	အကြိမ်	ဦးရေ	ဦးရေ	တန်ဖိုး	ဦးရေ	တန်ဖိုး	ဦးရေ	တန်ဖိုး
၁	ကချင်	၁၈၆	[illegible]	၃၉၇	[illegible]	၉၁၀	[illegible]	၃	၉၈၅	၇	၁၁၄	၈၄	[illegible]	၁၀	[illegible]	၂၀	[illegible]
၂	ကယား	၁	[illegible]	၄၁၄	[illegible]	၅၉၂	[illegible]	၃	၉၉၄	၁၄	၁၆၀	၃	[illegible]	၃	[illegible]	၇	[illegible]
၃	ကရင်	၉၉	[illegible]	၇၁၈	[illegible]	၉၉၇	[illegible]	၁၂	၈၈၄	၁၀	၃၁၀	-	-	-	-	၅	[illegible]
၄	ချင်း	၁၂၇	[illegible]	၁၈၄	[illegible]	၂	[illegible]	၅	၄၇၉	၂	၆၀	-	-	၂	[illegible]	၃	[illegible]
၅	စစ်ကိုင်း	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	၂၂	[illegible]	၈၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	တနင်္သာရီ	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	၁၈	[illegible]	၅၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	ပဲခူး	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	၁၆	[illegible]	၅၆	၈၈၈	[illegible]	[illegible]	[illegible]	[illegible]	၅၈	[illegible]
၈	ပဲခူး(အနောက်)	၁၀၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	၃	[illegible]	၁၅	[illegible]	[illegible]	[illegible]	၁၆	[illegible]	၂၂	[illegible]
၉	မကွေး	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	၉	[illegible]	၁၉	[illegible]	[illegible]	[illegible]	-	-	၁၀	[illegible]
၁၀	မန္တလေး	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	၈၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	မွန်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	ရခိုင်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	ရန်ကုန်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	၈၈	[illegible]
၁၄	ရှမ်း(တောင်)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	ရှမ်း(အရှေ့)	၈၄	[illegible]	[illegible]	[illegible]	-	-	၃	[illegible]	[illegible]	[illegible]	၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	ရှမ်း(မြောက်)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	၁၀	[illegible]	[illegible]	[illegible]	-	-	-	-	၇	[illegible]
၁၇	ဧရာဝတီ	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
	စုစုပေါင်း	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	၁၂၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

စာမျက်နှာ ၅ မှ

ကျန်းမာရေးလုပ်ငန်းတွင် HIV/AIDS ငှက်ဖျားရောဂါ၊ အဆုတ်ရောဂါစသည့် ရောဂါကြီးသုံးမျိုးအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပြည်နယ်နှင့်တိုင်းအလိုက် ပညာပေးဆွေးနွေးခြင်း (၂၆၉၅၅)ကြိမ်၊ လူဦးရေ ၁၃ ဒသမ၂ သိန်း၊ ကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်း၍ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း (၂၀၄၉၇)ကြိမ်၊ လူဦးရေ ၅ ဒသမ ၇ သိန်းနှင့် လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်နေပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း လူဦးရေ ၂၈ ဒသမ ၈သိန်း ပါဝင်ဆောင်ရွက်နိုင်ခဲ့သည်။

ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

စဉ်	ပြည်နယ်/တိုင်း	[illegible]		[illegible]	[illegible]	
		[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁။	ကချင်	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂။	ကယား	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃။	ကရင်	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄။	ချင်း	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅။	စစ်ကိုင်း	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆။	တနင်္သာရီ	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇။	ပဲခူး	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈။	ပဲခူး(အနောက်)	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉။	မကွေး	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀။	မန္တလေး	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁။	မွန်	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂။	ရခိုင်	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃။	ရန်ကုန်	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄။	ရှမ်း	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅။	ရှမ်း(အရှေ့)	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆။	ရှမ်း(မြောက်)	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇။	ဧရာဝတီ	[illegible]	[illegible]	[illegible]	[illegible]	[illegible]
	စုစုပေါင်း	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကျောက်ဆည်မြို့နယ် ပြည်ပန်းကျေးရွာတွင် သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာမိုးသူဝင်း HIV/AIDS ရောဂါ တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောခဲ့စဉ်။ (သတင်းစဉ်)

ကျိုက်ထိုမြို့နယ် သိမ်ဇရပ် အထကတွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက စကားဝိုင်းများဖွဲ့၍ အထွေထွေစကားဝိုင်း ဤသို့ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

အမျှင်ဓာတ်ပါသော အစားအစာများသည် ရင်သားကင်ဆာဖြစ်ပွားမှု လျော့ကျနိုင်

အမျိုးသမီးများအနေဖြင့် သွေးမဆုံးမီအချိန်ကာလများတွင် အမျှင်ဓာတ်ပါသော အစားအစာများကို ပိုမိုစားသုံးပါက ရင်သားကင်ဆာဖြစ်ပွားမှုကို လျော့ကျစေနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာဆန်းစစ်ချက်၌ ဖော်ပြထားသည်။

ထက်ဝက်လျော့ကျ

သုတေသနပညာရှင်များအနေဖြင့် အမျိုးသမီး၃၅၀၀၀ကို သုတေသနပြုခဲ့ရာ တစ်နေ့လျှင် အမျှင်ဓာတ်ပါသော အစားအစာ ဂရမ်၃၀ စားသုံးသော အမျိုးသမီးများက ဂရမ်၂၀သာ စားသုံးသော အမျိုးသမီးများထက် ရင်သားကင်ဆာဖြစ်ပွားမှု ထက်ဝက်လျော့ကျကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

ရင်သားကင်ဆာ ကာကွယ်နိုင်မှုအတွက် အမျိုးသမီးများအနေဖြင့် တစ်နေ့လျှင် အမျှင်ဓာတ် ဂရမ်၃၀ စားသုံးရန်လိုအပ်ပြီး သစ်သီးနှင့် ဟင်းသီးဟင်းရွက်များကိုလည်း ပရိုတိန်းဓာတ်များ ရရှိစေရေးအတွက် နေ့စဉ်စားသုံးကြရမည်ဖြစ်ကြောင်း သုတေသနပညာရှင်များက တိုက်တွန်းထားသည်။

သုတေသနပြုချက်

သုတေသနပညာရှင်များအနေဖြင့် အသက် ၃၅နှစ်မှ ၆၉နှစ်အကြား အမျိုးသမီးများကို လေ့လာသုတေသနပြုခဲ့ရာမှ အမျှင်ဓာတ်နှင့် ရင်သားကင်ဆာဆက်စပ်မှုကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ခုနစ်နှစ်ကြာ သုတေသနပြုချက်ကို အခြေခံပြီး သတင်းဖော်ပြခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

အင်တာနက်သတင်းနှင့် ဓာတ်ပုံ

သာယာမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

ပေးအပ်

ဇန်နဝါရီ ၁၈ရက်က လှိုင်သာယာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော လုပ်ငန်းသုံး ကွန်ပျူတာ သင်တန်းဆင်းပွဲ အခမ်းအနားကို မြို့နယ်အသင်း ရုံးခန်းမ၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းငွေက သင်တန်းဆင်း လက်မှတ်များ ပေးအပ်စဉ်။

(မိခင်နှင့်ကလေး)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေဆိုင်ရာ ပညာပေး အမျိုးသားအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၅

သစ်တောရေးရာ ဝန်ကြီးဌာန၊ ကုလသမဂ္ဂပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအစဉ်(UNEP)နှင့် ဟန်းစ်ဆိုက်ဒယ်ဖောင်ဒေးရှင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေဆိုင်ရာ ပညာပေး အမျိုးသား အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ သစ်တောသုတေသန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲသို့ ရှေ့နေချုပ်ရုံး၊ တရားရုံးချုပ်နှင့် သစ်တောရေးရာဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေဆိုင်ရာပုဂ္ဂိုလ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်မှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်နှင့် ဟန်းစ်ဆိုက်ဒယ်ဖောင်ဒေးရှင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံးမှ အကြံပေးပညာရှင် Mr. Manjit Singh Iqbal နှင့် ဟန်းစ်ဆိုက်ဒယ်ဖောင်ဒေးရှင်းမှ ညွှန်ကြားရေးမှူး Dr. Karl- Peter Schoenfisch တို့က အမှာစကား အသီးသီးပြောကြားကြသည်။

ဖတ်ကြားဆွေးနွေး

အလုပ်ရုံဆွေးနွေးပွဲတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေဖြစ်ပေါ်တိုးတက်မှုများနှင့် သက်ဆိုင်သည့် စာတမ်းများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ လိုက်နာအကောင်အထည်ဖော်မှုနှင့် သက်ဆိုင်သည့် စာတမ်းများကို ဖတ်ကြားဆွေးနွေးကြပြီး ညနေပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်–မန္တလေး ဈေးသဘော် ထွက်ခွာမည်

ရန်ကုန် ဇန်နဝါရီ ၂၅

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်–မန္တလေး ဈေးသဘော် ခေါက်ရေ(၄) မြစ်ရောရေယာဉ်သည် ဇန်နဝါရီ၃၀ရက် (အင်္ဂါနေ့)တွင် ရန်ကုန်မြို့ ဗိုလ်တထောင် အမှတ်(၆)တံတားမှ မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်သည်။

သို့ဖြစ်ရာ ကုန်တင်ဆောင် ရောင်းချလိုသူများသည် ကုန်ပို့ဆောင်ရေး ဌာနခွဲ ဗိုလ်တထောင်ဈေးလမ်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း– ၂၉၂၁၉၉၊ ၂၉၂၃၁၉ သို့လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်သည်။

ဆက်သွယ်ဆောင်ရွက်

နယ်မြို့များမှ တင်ဆောင်လိုပါက မအူပင်၊ ဇေ့ဖြူ၊ ဟင်္သာတ၊ မြန်အောင်၊ ကံခင်း၊ ပြည်၊ သရက်၊ အောင်လံ၊ မကွေးမြို့များတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြို့နယ်မန်နေဂျာရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းရင်းသားအားလုံး ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်

ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများသည် တစ်ဦးနှင့်တစ်ဦး စိတ်ဝမ်းမကွဲမပြားနှင့် ချစ်ချစ်ခင်ခင်နေထိုင်လာခဲ့ကြ၊ ဤအစဉ်အလာကောင်း၊ စိတ်ဓာတ်ကောင်းကို ပိုမိုခိုင်မာလာအောင်၊ တောင့်တင်းလာအောင် အစဉ်ထာဝရကြံဆောင်ရင်း ပြည်ထောင်စုကြီးကိုလည်း အမြဲတမ်း တစည်းတလုံးတည်းရှိနေအောင် မိမိတို့ တိုင်းရင်းသား အားလုံးက ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် တာဝန်ရှိ။

● **ရှေ့ဖုံးမှ**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၈)မှ သင်တန်းကြီးကြပ်သူ ဆရာဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သြဝါဒစကားမြွက်ကြားရာတွင် မောင်တို့ မယ်တို့သည် မကြာမီသောကာလတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်က ပညာရေးဘွဲ့ဒီဂရီရရှိပြီး မိမိတို့ဇာတိရပ်မြေဖြစ်သည့် နယ်စပ်ဒေသများကို ပြန်လည်သွားရောက် တာဝန်ထမ်းဆောင်ကြရတော့မည်ဖြစ်ကြောင်း။

ကြိုးစားဆောင်ရွက်

ဤကဲ့သို့ အမိတက္ကသိုလ်ကခွဲခွာပြီး မိမိတို့ဇာတိ နယ်စပ်ဒေသများ၌ ပြန်လည် တာဝန်ထမ်းဆောင်ကြသည့်အခါတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကြီး၏ ထူးခြားမွန်မြတ်သော ရည်ရွယ်ချက်များကို ရှင်းလင်းပြတ်သားစွာ နားလည်ခံယူ နှလုံးသွင်းပြီး ဤရည်ရွယ်ချက်များ ပြည့်မြောက်စေရအောင် ရည်မှန်းချက်ရှိရှိ ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ အဓိက ရည်ရွယ်ချက်သည် ဝေးလံခေါင်ဖျားပြီး ဖွံ့ဖြိုးမှုနောက်ကျနေခဲ့သည့် နယ်စပ်ဒေသများက တိုင်းရင်းသားလူမျိုးများအားလုံး ပညာတတ်မြောက်စေရန်၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဘာသာ ဆောင်ရွက်နိုင်စွမ်းရှိသည့် အဖိုးတန် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးမည့် ပညာရေးဝန်ထမ်းများ မွေးထုတ်ပေးရေးပင်ဖြစ်ကြောင်း။

ထပ်ဆင့်သင်ကြား

တစ်နည်းပြောရလျှင် ဒေသခံတိုင်းရင်းသားလူငယ်များကို ခေတ်ပညာတတ်ဆရာ ဆရာမများဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးခြင်းအားဖြင့် ဒေသရှိကလေးငယ်များ၊ လူငယ်များကစ၍ တိုင်းရင်းသားလူမျိုးများအားလုံးကို ပညာတတ်မြောက်အောင် ထပ်ဆင့်သင်ကြားပေးနိုင်ပြီး ဒေသ၏ပညာရေးအဆင့်အတန်းကို မြှင့်တင်ပေးနိုင်ရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ဤပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ထူထောင်ပေးခဲ့ခြင်းပင်ဖြစ်ကြောင်း။

ယခင်သောကာလများက နယ်စပ်ဒေသများသည် အတွင်းပိုင်းဒေသများနှင့် အဆက်ပြတ်နေခဲ့ခြင်းကြောင့် ဒေသခံ ကလေးငယ်များအတွက် ပညာသင်ကြားခွင့် ဆုံးရှုံးခဲ့ရကြောင်း၊ ပညာမတတ်သည်နှင့်အမျှ မိမိရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်စွမ်း အားနည်းခဲ့ရပြီး နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း အတွင်းပိုင်းဒေသများနှင့် ကွာဟလာခဲ့ရကြောင်း။

ရည်မှန်းချက်ရှိရှိ

ထို့ကြောင့် မိမိတို့လက်ထက်တွင် ဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းပပျောက်စေရအောင်၊ ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ညီညွတ်မျှတစွာ တိုးတက်စေရအောင် တိုင်းရင်းသားလူမျိုးများအားလုံး ဆူကြုံနိမ့်မြင့် မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရအောင် ဖွံ့ဖြိုးရေးစီမံကိန်းများချမှတ်ပြီး ရည်မှန်းချက်ရှိရှိ ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ဤဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများအရ ပြည်ထောင်စုကြီး၏ နယ်မြေဒေသတိုင်း၌ ပညာသင်ယူရေး အခွင့်အလမ်းများရှိစေရအောင်၊ အဆင့်မြင့်ပညာတက်လှမ်းသင်ယူခွင့်ရရှိစေရအောင်၊ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းမြင့်မြင့် ရရှိခံစားနိုင်စေရအောင် စာသင်ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ ဆေးရုံ ဆေးပေးခန်းများကို ဒေသတိုင်း၌ ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိကြောင်း။

တက်တက်ကြွကြွဆောင်ရွက်

ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် မိမိတို့တာဝန်ကျရာ ဒေသတိုင်း၌ ဒေသခံလူငယ်များကို စာတတ်မြောက်အောင် သင်ကြားပေးရင်း ဗဟုသုတနှင့်လည်းပြည့်စုံအောင်၊ ကျန်းမာရေးအသိလည်းရှိအောင် လေ့ကျင့်ပညာပေးရန်လိုကြောင်း၊ ဒေသတိုင်း၌ ပညာတတ်များ ပေါများလာပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နိုင်ပါမှ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးလာမည် ဆိုသည့်ခံယူချက်ဖြင့် ပညာရေးဆိုင်ရာတာဝန်များကို တက်တက်ကြွကြွ ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ဆရာဆိုသည်မှာ လူထုနှင့် နေ့စဉ်ထိတွေ့နေသည့်အပြင် လူထုအပေါ် ကောင်းသော ဩဇာသက်ရောက်နိုင်သည့် ပုဂ္ဂိုလ်များဖြစ်ကြောင်း၊ ဤကောင်းသော ဩဇာကို အပြုသဘောဖြင့် အသုံးပြုပြီး ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်အောင်၊ ဒေသခံလူငယ်များ ပညာတတ်အောင် စည်းရုံးဦးဆောင်ပေးကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ဒေသခံတိုင်းရင်းသား ပြည်သူများအကြားတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ တိုးပွားခိုင်မာစေဖို့ စည်းရုံးဦးဆောင်ပေးရန်လိုကြောင်း။

မိမိတို့ တိုင်းရင်းသားလူမျိုးများသည် လူမျိုးပေါင်းတစ်ရာကျော် ပွားစီးဖြစ်ထွန်းလာခဲ့သော်လည်း တစ်နေရာတည်း၊ ဒေသတစ်ခုတည်း၌ လူမျိုးတစ်မျိုးတည်း သီးသီးခြားခြားနေထိုင်ကြခြင်းမဟုတ်ဘဲ ပြည်ထောင်စုကြီး၏ နယ်မြေအနှံ့အပြား၌ ပေါင်းစုရောယှက်နေထိုင်လျက်ရှိကြကြောင်း။

ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများသည် တစ်ဦးနှင့်တစ်ဦး စိတ်ဝမ်းမကွဲမပြားနှင့် ချစ်ချစ်ခင်ခင် နေထိုင်လာခဲ့ကြကြောင်း၊ ဤအစဉ်အလာကောင်း၊ စိတ်ဓာတ်ကောင်းကို ပိုမိုခိုင်မာလာအောင်၊ တောင့်တင်းလာအောင် အစဉ်ထာဝရကြံဆောင်ရင်း ပြည်ထောင်စုကြီးကိုလည်း အမြဲတမ်း တစည်းတလုံးတည်းရှိနေအောင် မိမိတို့ တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရန် တာဝန်ရှိကြောင်း။

အမျိုးသားရေးမူဝါဒ

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးမူဝါဒဖြစ်ကြောင်း။

ဤအမျိုးသားရေးမူဝါဒအပေါ် တိုင်းရင်းသားလူမျိုးအားလုံးက ယုံကြည်သက်ဝင်ကြသည်နှင့်အမျှ ပြည်ထောင်စုကြီးကို တည်ငြိမ်အေးချမ်းသာယာအောင်၊ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

အမြဲမပြတ်ကြိုးပမ်း

ထို့ကြောင့် မောင်တို့မယ်တို့အနေဖြင့် ရောက်လေရာဒေသတိုင်း၌ အမျိုးသားရေးမူဝါဒကို ခိုင်မာသည်ထက် ခိုင်မာအောင်တည်ဆောက်ရင်း တိုင်းရင်းသားလူမျိုးများအကြား ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ ပေါက်ဖွားရှင်သန်နေစေရေး အမြဲမပြတ် စေ့ဆော်ကြိုးပမ်းဆောင်ရွက်နေကြရန်လိုကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားခိုင်မာမှ နိုင်ငံတည်ငြိမ်အေးချမ်းမည်၊ နိုင်ငံတည်ငြိမ်အေးချမ်းမှ ဒေသတိုင်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်မည်၊ ဤသဘောတရားကို တိုင်းရင်းသားလူမျိုးများအားလုံး နားလည်ခံယူကြရန် မောင်တို့မယ်တို့က စည်းရုံး စေ့ဆော်ပေးကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တည်ငြိမ်ခိုင်မာသည့် ထာဝရတည်တံ့သော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီးဖြစ်လာရေး ကြိုးပမ်းဆောင်ရွက်ပေးနေကြောင်း။

ဤကဲ့သို့ နိုင်ငံတော်ကြီးကို တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီးအဖြစ် အစဉ်ထာဝရ တည်တံ့ခိုင်မြဲစေရအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြည့်မြောက်ရေးအပေါ်တွင် လုံးဝဥဿုံ တည်မှီနေကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ဆက်သွယ်သော ဒုဋ္ဌဝတီမြစ်ကူး ဒုဋ္ဌဝတီတံတား (နောင်ချို)ကို ဖြတ်သန်း၍ တိုင်းရင်းသားပြည်သူတို့ ကူးသန်းသွားလာမှု ပိုမိုလွယ်ကူချောမွေ့စေလျက်ရှိသည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

26-1 (07) 1 3/24/1905, 11:53 PM

စာမျက်နှာ ၇ မှ

ဤမူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တိုင်းရင်းသားလူမျိုးအားလုံး၏ စည်းလုံးညီညွတ်မှု၊ မျှတစွာ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ရေရှည်အာမခံနိုင်မည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာစေရန် အမျိုးသားညီလာခံကြီး၌ တိုင်းရင်းသားပြည်သူများ၏ ကိုယ်စားလှယ်များပါဝင်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း။

အမျိုးသားညီလာခံကြီး၏ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုနှင့် ယှဉ်တွဲပြီး နိုင်ငံတော်အတွင်း၌ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး စစ်မှန်စွာ ဖြစ်ထွန်းလာစေရေးအတွက် လိုအပ်သည့် အခြေခံကောင်းများကို အခိုင်အမာ တည်ဆောက်ထားနိုင်ရန်လိုကြောင်း။

တည်ငြိမ်အေးချမ်း

ပထမအချက်အနေဖြင့် နိုင်ငံတော်အတွင်း၌ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုအခြေခံကောင်းများ ခိုင်ခိုင်မာမာဖြစ်ထွန်းနေရန်လိုကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အစဉ်ဖြစ်ထွန်းနေပါမှ နယ်စပ်ဒေသများပါမကျန် တည်ငြိမ်အေးချမ်းသာယာနေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့သည့်အတွက် နယ်စပ်ဒေသများပါမကျန် တည်ငြိမ်အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးမှု အခြေခံကောင်းများ ယနေ့ ရရှိထားပြီးဖြစ်ကြောင်း။

မိမိတို့တာဝန်ကျရာဒေသ၌ စီးပွားရေးအခြေခံကောင်းများ တိုးတက်လာအောင် ပါဝင်ဆောင်ရွက်၊ ဒေသခံတိုင်းရင်းသားများကို အသိအမြင် ဗဟုသုတကြွယ်ဝအောင်၊ အမြင်ကျယ်အောင် ပညာပေးစည်းရုံးပြီး ကျေးလက်ဒေသ၏ အခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေး လုပ်ငန်းများကို ခေတ်နှင့်ညီအောင်၊ ဖွံ့ဖြိုးအောင် ကူညီ။

ခေတ်မီနိုင်ငံသစ်တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးလာရန် လိုအပ် နိုင်ငံနှင့်ဒေသအကျိုး စွမ်းစွမ်းတမံထမ်းဆောင်နိုင်သည့် ပညာတတ်လူငယ်များဖြစ်အောင် ပျိုးထောင်သွားမည်

ဒုတိယအချက်အနေဖြင့် နိုင်ငံတော်အတွင်း တောင့်တင်းခိုင်မာသည့် စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းနေစေရန်လိုကြောင်း၊ အမျိုးသားစီးပွားရေးခနအင်အား ခိုင်မာတောင့်တင်းမှသာ နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း။

လုံလုံလောက်လောက်တည်ဆောက်

နိုင်ငံတော်၏ စီးပွားရေးအင်အားကောင်းရန်ဆိုရာတွင် နိုင်ငံတော်အတွင်း နယ်စပ်ဒေသများပါမကျန် နယ်မြေဒေသအားလုံး၌ စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းစေရန်အတွက် လမ်းမကြီးများ၊ မြစ်ကူး ချောင်းကူးတံတားကြီးများ၊ ဆည်မြောင်းတာတမံများ၊ လျှပ်စစ်ဓာတ်အားစီမံကိန်းများစသည့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို နိုင်ငံတော်က လုံလုံလောက်လောက်တည်ဆောက်ပေးထားပြီးဖြစ်ကြောင်း။

ထို့အပြင် နယ်စပ်ဒေသများ၌ လမ်းများ၊ တံတားများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးစခန်းများ၊ အသေးစား လျှပ်စစ်ဓာတ်အားစီမံကိန်းများစသည့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဒေသလိုအပ်ချက်နှင့်အညီ တည်ဆောက်ပေးလျက်ရှိကြောင်း။

မဆုတ်မနစ်ကြိုးစား

မောင်တို့မယ်တို့အနေဖြင့်လည်း မိမိတို့တာဝန်ကျရာဒေသ၌ စီးပွားရေးအခြေခံကောင်းများ တိုးတက်လာအောင် ပါဝင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဒေသခံတိုင်းရင်းသားများကို အသိအမြင် ဗဟုသုတကြွယ်ဝအောင်၊ အမြင်ကျယ်အောင် ပညာပေးစည်းရုံးပြီး ကျေးလက်ဒေသ၏ အခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများကို ခေတ်နှင့်ညီအောင်၊ ဖွံ့ဖြိုးအောင် ကူညီဆောင်ရွက်ပေးကြရမည်၊ လူထု၏ အသက်မွေးမှုအခြေခံများကို မြှင့်တင်ပေးနိုင်ရမည်၊ ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှုပုံစံဖြစ်လာရေးကအစ လူမှုဘဝမြင့်မားရေး၊ ကျေးလက်စီးပွား တိုးတက်ရေးအတွက် ရှေ့ဆောင်ရှေ့ရွက်ပြုရင်း ဆင်းရဲနွမ်းပါးမှုလျော့နည်းအောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မိမိတို့တာဝန်ကျရာ ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစီးဦးဆောင်ပြု ဆောင်ရွက်ကြရေးသည် မောင်တို့မယ်တို့အတွက် အမိဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးက ပေးအပ်လိုက်သည့် တာဝန်တစ်ရပ်ဖြစ်သည်ဟု ခံယူပြီး မဆုတ်မနစ် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်း အမှတ်စဉ်(၃၈)မှ သင်တန်းသားသင်တန်းသူများကိုယ်စား ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်မှ ခနေတိုင်းရင်းသား မောင်အောင်သန်းဌေး ဂါရဝပြုစကား ပြောကြားစဉ်။
(သတင်းစဉ်)

တတိယအချက်အနေဖြင့် ခိုင်မြဲသည့် ပြည်ထောင်စုကြီးဖြစ်စေရေးအတွက် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို မှန်ကန်စွာအသုံးပြုနိုင်စေရအောင် တိုင်းရင်းသားပြည်သူများ၏ ပညာရေးအခြေခံများ မြင့်မားရန်လိုကြောင်း၊ ပညာတတ်မှသာ နိုင်ငံအတွက် မှန်မှား ကောင်းဆိုး၊ အကျိုးအပြစ်ကို မှန်ကန်စွာ ရွေးချယ်နိုင်မည်ဖြစ်ကြောင်း။

ပညာသင်ယူနိုင်မှုအခွင့်အလမ်း

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်အစွန်အဖျားဒေသများပါမကျန် ပညာသင်ယူနိုင်မှုအခွင့်အလမ်းများရရှိစေရအောင် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ အလားတူပင် တိုင်းရင်းသားလူမျိုးများအားလုံး အသိအမြင်ဗဟုသုတကြွယ်ဝစေရအောင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနများကို နယ်စပ်ဒေသများ၌ ထူထောင်ပေးနေခြင်းဖြစ်ကြောင်း။

ယနေ့ အချိန်အခါကာလသည် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုစိတ်ဓာတ်စွမ်းအားအပြည့်အဝဖြင့် မိမိရပ်ရွာ၊ မိမိဒေသ၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရအောင်နှင့် ဘိုးဘွားအမွေဖြစ်သည့် ပြည်ထောင်စုကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲစေရအောင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် လက်တွဲကြိုးပမ်းဆောင်ရွက်ကြရမည့် အချိန်အခါကောင်းဖြစ်ကြောင်း။

တက်တက်ကြွကြွကြိုးပမ်း

ဤကဲ့သို့ အချိန်အခါမျိုးတွင် မောင်တို့မယ်တို့အနေဖြင့် အစဉ်ထာဝရ တည်တံ့ခိုင်မြဲသည့် ပြည်ထောင်စုကြီးဖြစ်စေရေး၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်လာစေရေးအတွက် လိုအပ်သည့် အခြေခံကောင်းများ တစ်နိုင်ငံလုံး ဖြန့်ကြက်ဖြစ်ထွန်းနေစေရမည်ဆိုသည့် အသိစိတ်ဓာတ်ဖြင့် တက်တက်ကြွကြွ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု မှာကြားလိုက်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ—

- **မောင်တို့မယ်တို့အနေဖြင့် မိမိတာဝန်ကျရာ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ကြပါ။**
- **ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ ပွားများဖြစ်ထွန်းစေရအောင် စည်းရုံးဦးဆောင် ဆောင်ရွက်ပေးကြပါ**

ဟု တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၈)မှ သင်တန်းသား သင်တန်းသူများကိုယ်စား ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်မှ ခနေတိုင်းရင်းသား မောင်အောင်သန်းဌေးက ဂါရဝပြုစကား ပြောကြားရာတွင် သားကတော့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ လေးနှစ်သင်တန်း သင်တန်းအမှတ်စဉ်(၃၈)မှ သင်တန်းသား သင်တန်းသူအားလုံးရဲ့ ကိုယ်စား ဂါရဝပြုစကား ပြောကြားခွင့်ရတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်မှ ခနေတိုင်းရင်းသား မောင်အောင်သန်းဌေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ မိန့်မှာချက်တွေကို ဘဝအတွက် လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူပြီး သားတို့ အလေးအနက်ထား လိုက်နာဆောင်ရွက်သွားပါမယ်လို့ ရိုသေစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

တစိုက်မတ်မတ်

နယ်စပ်ဒေသမှာ နေထိုင်တဲ့ တိုင်းရင်းသားလူငယ်တွေကို ပညာတတ်မြောက်ပြီး အရည်အချင်းပြည့်ဝတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဖြစ်လာစေဖို့ ရည်ရွယ်ပြီး တည်ထောင်ဖွင့်လှစ်ထားတဲ့ အမိဖွံ့ဖြိုးရေးတက္ကသိုလ်မှာ နိုင်ငံတော်ရဲ့ ပြုစုစောင့်ရှောက်မှုနဲ့ သားတို့ ပညာဆည်းပူးခဲ့ကြတာ မကြာခင်မှာ ပညာရေး

ဒေသခံကျေးလက်ပြည်သူများအတွက် အကျိုးပြုမည့် မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် တမာချောင်ကျေးရွာအနီး တမာချောင်းပေါ်တွင် တည်ဆောက်ထားသော တမာရေလှောင်တမံကို ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း–အောင်သန်း(မင်္ဂလာတောင်ညွန့်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်း အမှတ်စဉ်(၃၈)မှ သင်တန်းသား သင်တန်းသူများနှင့် ကြီးကြပ်သူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပခုံးပြောင်း ထမ်းဆောင်ကြမယ့် သားတို့ တပည့် တိုင်းရင်းသားလူငယ်တွေ ပြည်ထောင်စုစိတ်ဓာတ် အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းသွားနိုင်အောင် ပညာသင်ကြားပေးရင်း သားတို့ ပျိုးထောင် တည်ဆောက်ပေးသွားပါ့မယ်ခင်ဗျား။

အပြည့်အဝခံယူ

အမိ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ လေးနှစ်တာ ပညာဆည်းပူးနေစဉ်ကာလအတွင်း သားတို့ဟာ နိုင်ငံတော်ရဲ့ ပြုစုပျိုးထောင်မှုကို အပြည့်အဝခံယူခဲ့ကြရပါတယ်။ သင်တန်းကာလအတွင်း သားတို့ကို နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်နဲ့ ရည်ရွယ်ချက်တွေကို နားလည်သဘောပေါက်တဲ့ ယုံကြည်ချက်၊ ခံယူချက် ခိုင်မာသူတွေဖြစ်အောင် လေ့ကျင့်ပေးခဲ့သလို ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းလိုက်နာ ကာကွယ်စောင့်ရှောက်နိုင်တဲ့ ပညာရေးဝန်ထမ်း စည်းရုံးရေးမှူးကောင်းတွေဖြစ်လာအောင်လည်း စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးခဲ့ပါတယ်။ သားတို့အနေနဲ့ နိုင်ငံတော်က ပြုစုပျိုးထောင်ထားတဲ့ သားကောင်း သမီးမွန်များပီသစွာ ပေးအပ်တဲ့တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်ပြီး နိုင်ငံတော်ရဲ့ကျေးဇူးတရားတွေကို ပြန်လည်ပေးဆပ်သွားပါ့မယ်လို့ ဥက္ကဋ္ဌကြီးနဲ့ အကြီးအကဲများရှေ့မှောက်မှာ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျားဟု ဂါရဝပြု ပြောကြားသည်။

အလေးအနက်ထား လိုက်နာဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၈)မှ သင်တန်းသား သင်တန်းသူ များကိုယ်စား ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်မှ ရှမ်းတိုင်းရင်းသူ မနန်းသီတာဝင်းမောင်က ဂါရဝပြုစကား ပြောကြားရာတွင် သမီးကတော့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ လေးနှစ် သင်တန်း သင်တန်းအမှတ်စဉ်(၃၈)ရဲ့ ဂါရဝပြုအခမ်းအနားမှာ သင်တန်းသား သင်တန်းသူအားလုံးရဲ့ ကိုယ်စား ဂါရဝပြုစကား ပြောကြားခွင့်ရတဲ့ ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ်မှ ရှမ်းတိုင်းရင်းသူ နန်းသီတာဝင်းမောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးအနေနဲ့ နိုင်ငံတော်ရဲ့ မွန်မြတ်တဲ့တာဝန်တွေကို ထမ်းဆောင်ရင်း တန်ဖိုးရှိတဲ့အချိန်တွေကို ခွဲဝေပေးပြီး သမီးတို့ကို ဂါရဝပြုခွင့်ပေးတဲ့အပြင် ဩဝါဒလမ်းညွှန်မှုများ ချီးမြှင့်ပေးတဲ့အတွက် သမီးတို့ ဂုဏ်ယူမဆုံးဖြစ်မိပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ဩဝါဒလမ်းညွှန်ချက်တွေကို အလေးအနက်ထား လိုက်နာဆောင်ရွက်သွားပါ့မယ်လို့ ရိုသေစွာ တင်ပြအပ်ပါတယ်ရှင့်။

မြန်မာနိုင်ငံအနှံ့က သမီးတို့ မောင်နှမတွေကို အမိ ဖွံ့ဖြိုးရေးတက္ကသိုလ်မှာ ဆုံတွေ့စေပြီး ထူးခြားလေးနက်တဲ့ လေ့ကျင့်သင်ကြားမှု အစီအစဉ်တွေနဲ့ တက္ကသိုလ်ရဲ့ ရည်ရွယ်ချက်တွေကို ပေါက်မြောက်အောင် ဖော်ဆောင်နိုင်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေဖြစ်လာအောင် စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးခဲ့ပါတယ်။ သင်တန်းဆင်းချိန်မှာလည်း ရည်မှန်းချက်တာဝန်တွေနဲ့အတူ ပညာရေးဘွဲ့ကို ထိုက်ထိုက်တန်တန်ချီးမြှင့်ပြီး ဆရာ ဆရာမများအဖြစ်နဲ့ အလုပ်တာဝန်ကိုပါ တစ်ပါတည်း ခန့်အပ်ပေးခဲ့ပါတယ်။ ပညာရေးဘွဲ့ရပြီး အရည်အချင်းမီသူတွေကိုလည်း အမိတက္ကသိုလ်မှာ ဖွင့်လှစ်ထားတဲ့ မဟာပညာရေးဘွဲ့

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်များပီပီ ဒေသ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျရာအခန်းကပါဝင်ပြီး ဒေသခံပြည်သူများကို နိုင်ငံတော်တည်ဆောက်ရေး ပိုမိုတက်ကြွစွာ ပါဝင်လာအောင် စည်းရုံးဆောင်ရွက်သွားမည်

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်းအမှတ်စဉ် (၃၈)မှ သင်တန်းသား သင်တန်းသူများ ကိုယ်စား ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီး မြို့နယ်မှ ရှမ်းတိုင်းရင်းသူ မနန်းသီတာဝင်းမောင် ဂါရဝပြုစကား ပြောကြားစဉ်။

(သတင်းစဉ်)

ပျိုးထောင်တည်ဆောက်

တိုင်းရင်းသားတွေ စုပေါင်းနေထိုင်တဲ့ သားတို့နိုင်ငံမှာ ရှေးယခင် နှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားညီအစ်ကိုတွေဟာ တစ်မြေတည်းနေ တစ်ရေတည်းသောက် လက်တွဲကြီးပြင်းလာကြပြီး တစ်ဦးနှင့်တစ်ဦး ယုံယုံကြည်ကြည် ချစ်ချစ်ခင်ခင်နဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံပြီး ပူးပေါင်းနေထိုင်ခဲ့ကြပါတယ်။ ပြည်ထောင်စုကြီးကို ဖွံ့ဖြိုးတိုးတက်စေလိုတဲ့စိတ်နဲ့ ခိုင်မာတောင့်တင်းတဲ့ နိုင်ငံတော်ကြီးတွေကို ထူထောင်ခဲ့ကြသလို ပြည်ထောင်စုကြီးကို အစွန့်ရှည် တည်တံ့ခိုင်မြဲစေလိုတဲ့စိတ်နဲ့ နိုင်ငံအပေါ် ကျရောက်လာတဲ့အန္တရာယ်တွေကို စုပေါင်းကာကွယ်ခဲ့ကြပါတယ်။ ဘိုးဘွားတွေ လက်ဆင့်ကမ်းခဲ့တဲ့ ပြည်ထောင်စု စိတ်ဓာတ် အစဉ်အလာကောင်းကို ထိန်းသိမ်းပြီး ဒီနေ့မှာ နိုင်ငံတော်အစိုးရက တိုင်းရင်းသားညီအစ်ကိုတွေရဲ့ စည်းလုံးမှုအားနဲ့ ပြည်သူတစ်ရပ်လုံး မျှော်မှန်းနေတဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးကို မဆုတ်မနစ်ထူထောင်ပေးနေပါတယ်။ တိုင်းရင်းသားညီအစ်ကိုတွေကလည်း တိုင်းရင်းသားအချင်းချင်းသာ ဆိုးတူကောင်းဖက်၊ အေးအတူ ပူအမျှ၊ သေအတူ ရှင်မကွာဖြစ်တယ်ဆိုတဲ့ ပြည်ထောင်စုစိတ်ဓာတ် ခိုင်ခိုင်မြဲမြဲနဲ့ မှန်ကန်တဲ့အစိုးရရဲ့ ဦးဆောင်မှုကိုခံယူပြီး ဦးထမ်းပဲ့ထမ်းဆောင်ရွက်နေကြတဲ့အတွက် နိုင်ငံနဲ့အဝန်း နယ်စပ်ဒေသတွေပါမကျန် ဖွံ့ဖြိုးမှုအခြေခံကောင်းတွေ အစီအရီဖြစ်ထွန်းလာတာဟာ တကယ့်အမှန်တရားပဲ ဖြစ်ပါတယ်။ ဒီအချိန်မှာ သားတို့နိုင်ငံ တိုးတက်မှာကို မလိုလားတဲ့ ပြည်ပနိုင်ငံနဲ့ အဖွဲ့အစည်းတချို့ဟာ တိုင်းရင်းသားအချင်းချင်း သွေးကွဲပြီး ပြည်ထောင်စုကြီးပါ ပြိုကွဲသွားအောင် နည်းမျိုးစုံနဲ့ သွေးထိုးနှောင့်ယှက်ဟန့်တားမှုတွေ လုပ်နေကြပါတယ်။ စည်းလုံး ညီညွတ်ခြင်း၊ တည်ငြိမ်အေးချမ်းခြင်းသာလျှင် သားတို့နိုင်ငံရဲ့ ကောင်းကျိုးအဖြာဖြာကို ပေးစွမ်းနိုင်မယ်လို့ တိုင်းရင်းသားအားလုံးက ယုံကြည်ထားကြတဲ့အတိုင်း စည်းလုံးညီညွတ်မှု ပြီးပြည့်စုံတဲ့ အောင်မြင်မှုကို ရမယ်ဆိုတဲ့အသိနဲ့ နိုင်ငံတော်ရဲ့ဦးဆောင်မှုကို ဆက်လက်ခံယူပြီး သားတို့ မျှော်မှန်းထားတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ မရောက်ရောက်အောင် တိုင်းရင်းသားအားလုံးက ကြိုးပမ်းတည်ဆောက်သွားကြမှာ ဖြစ်ပါတယ်။ သားတို့နိုင်ငံ တိုးတက်ဖြစ်တည်နေဖို့ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲမှုဟာ အလွန်အရေးပါနေတဲ့အတွက် အနာဂတ် နိုင်ငံတော်ရဲ့ တာဝန်တွေကို ဘွဲ့ကိုဆွတ်ခူးပြီး နိုင်ငံတော်ကပေးအပ်တဲ့ တာဝန်တွေကို ထမ်းဆောင်ခွင့်ရတော့မှာဖြစ်ပါတယ်။ တာဝန်ထမ်းဆောင်ရချိန်မှာ နိုင်ငံတော်က သားတို့အပေါ်ထားရှိတဲ့ စေတနာကို အလေးအနက်ခံယူပြီး ကျေးဇူးတရားကို စောင့်သိသူတွေအဖြစ်နဲ့ ပေးအပ်တဲ့တာဝန်တွေကို ကျေပွန်အောင် တစိုက်မတ်မတ် ထမ်းဆောင်သွားပါ့မယ်လို့ ကတိပြုအပ်ပါတယ်ခင်ဗျား။

စိတ်စေတနာအပြည့်

သားတို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးအဖြစ် ရောက်ရှိအောင် နိုင်ငံတော်အစိုးရက မနားမနေကြိုးပမ်းတည်ဆောက်ပေးနေရာမှာ နိုင်ငံနဲ့ လူမျိုး အစဉ်ရှင်သန်ဖွံ့ဖြိုးနေနိုင်အောင် အခြေခံကျတဲ့ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးနေပါတယ်။ နိုင်ငံသားတိုင်း ပညာရည်မြင့်မားမှ မှန်ကန်တဲ့ အတွေးအခေါ်တွေရရှိပြီး မိမိနိုင်ငံနဲ့လူမျိုး တိုးတက်အောင် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ကြမှာဖြစ်လို့ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးကို မျှော်မှန်းပြီး နှစ်တိုနှစ်ရှည် ပညာရေးစီမံကိန်းတွေ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါတယ်။ တစ်ဖက်မှာလည်း နယ်မြေဒေသအသီးသီးက ဒေသခံလူငယ်တွေကို အဆင့်မြင့်ပညာတွေ သင်ကြားပေးပြီး ဒေသခံလူငယ်တွေရဲ့ စွမ်းအားကိုရယူလာနိုင်တာနဲ့အမျှ ခေတ်မီနိုင်ငံတော်သစ်ကို ထူထောင်သွားနိုင်မယ်လို့ ယုံကြည်တဲ့အတိုင်း နိုင်ငံတော်အစိုးရအနေနဲ့ နယ်မြေဒေသအသီးသီးမှာ အဆင့်မြင့်ပညာတွေ သင်ယူနိုင်အောင် အခြေအနေတွေ ဖန်တီးပေးခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ပေးတဲ့အတွက် နှစ်စဉ် တက္ကသိုလ်နဲ့ ကောလိပ်အသီးသီးမှာ တိုးတက် ပညာသင်ယူနိုင်ခဲ့ကြပြီး ဒီနေ့မှာ ဒေသခံ ပညာတတ်လူငယ်တွေရဲ့ စွမ်းအားနဲ့ ဒေသအသီးသီးရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ လူမှုရေးလုပ်ငန်းတွေကို ဖွံ့ဖြိုးအောင် ဆောင်ရွက်နေနိုင်ကြပြီဖြစ်လို့ ကဏ္ဍအသီးသီးမှာ အခြေခံကောင်းတွေနဲ့ တိုးတက်နေတဲ့ နိုင်ငံတော်ကြီးကို သားတို့ ပြည်သူတစ်ရပ်လုံး အားတက်ဖွယ်မြင်တွေ့နေကြရပြီဖြစ်ပါတယ်။ ခေတ်မီနိုင်ငံတော်သစ်ကို တည်ဆောက်ရာမှာ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးလာအောင် မလွဲမသွေ ပျိုးထောင်ဖို့ လိုအပ်တဲ့အတွက် နိုင်ငံတော်အစိုးရက မျှော်မှန်းဆောင်ရွက်နေတဲ့ ပညာရေးလုပ်ငန်းစဉ်တွေအပေါ် နားလည်သဘောပေါက်စွာနဲ့ သားတို့ တပည့်တွေကို မိမိနိုင်ငံနဲ့ ဒေသအကျိုးကို စွမ်းစွမ်းတမံထမ်းဆောင်နိုင်တဲ့ ပညာတတ်လူငယ်တွေဖြစ်လာအောင် စိတ်စေတနာအပြည့်နဲ့ ပျိုးထောင်သွားပါ့မယ်ခင်ဗျား။

ပင်လုံတက္ကသိုလ်

နိုင်ငံတော်က တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ ဒေသများအတွင်း ပညာရေးအခွင့်အလမ်း တစ်ပြေးညီ ပွင့်လန်းစေရေး ဖော်ဆောင်ပေးလျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့တွင် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သော ပင်လုံတက္ကသိုလ်၌ ဒေသခံတိုင်းရင်းသား လူငယ်မောင်မယ်များ အဆင့်မြင့် ပညာရပ်များကို လက်လှမ်းတမီ တက်ရောက်သင်ယူနိုင်ကြပေပြီ။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

စာမျက်နှာ ၉ မှ

သင်တန်းကို ဆက်လက်တက်ရောက်ဆည်းပူးနိုင်အောင် စီမံခွင့်ပြုပေးခဲ့ပါတယ်။ အခုလို သမီးတို့ကို အစစအရာရာမှာ လိုလေသေးမရှိအောင် စောင့်ရှောက်ပြီး လူတစ်လုံး သူတစ်လုံးဖြစ်အောင် ပျိုးထောင်ပေးခဲ့တဲ့ နိုင်ငံတော်ရဲ့ ကျေးဇူးတရားတွေဟာ သမီးတို့အပေါ်မှာ ကြီးမားလှပါတယ်။ ဒီကျေးဇူးတရားတွေကို သမီးတို့ တာဝန်ထမ်းဆောင်ရချိန်မှာ ပေးအပ်တဲ့တာဝန်တွေကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းထမ်းဆောင်ပြီး ပြန်လည်ပေးဆပ်သွားပါ့မယ်လို့ ကတိပြု တင်ပြအပ်ပါတယ်ရှင့်။

အားတက်စရာမြင်ကွင်း

နိုင်ငံတော်ရဲ့တာဝန်တွေကို ရယူချိန်ကစပြီး နိုင်ငံတော်အစိုးရအနေနဲ့ သမီးတို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံအဖြစ် ရောက်ရှိအောင်၊ သမီးတို့ ပြည်သူတွေကို စားဝတ်နေရေး တင့်တင့်တယ်တယ် ချောင်ချောင်လည်လည်နဲ့ လူတန်းစေ့နေနိုင်အောင် မနားမနေကြိုးပမ်းတည်ဆောက်ပေးနေပါတယ်။ အခုလို ဆောင်ရွက်ပေးရာမှာ ဒို့တာဝန်အရေးသုံးပါးကို အလေးအနက်ခံယူပြီး နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးဦးတည်ချက်တွေ စနစ်တကျ ချမှတ်ဆောင်ရွက်ပေးတဲ့အတွက် သမီးတို့ ပြည်သူတွေရဲ့ အသိပညာ၊ စီးပွားရေးနဲ့ လူမှုရေးအခြေအနေတွေဟာ မျှမျှတတဖွံ့ဖြိုးလာခဲ့ပြီး တစ်ဦးနဲ့တစ်ဦး နားလည်ခွင့်လွှတ်မှု၊ ချစ်ခင်လေးစားမှုတွေနဲ့အတူ ခိုင်မာတဲ့ စည်းလုံးညီညွတ်မှုကို ဖြစ်ပေါ်စေခဲ့ပါတယ်။ ထပ်မံပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း ဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းတွေကနေ ဖြစ်ထွန်းလာတဲ့ အကျိုးကျေးဇူးတွေကြောင့် နိုင်ငံနဲ့အဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ပြည်သူတွေကြားမှာ မိမိနိုင်ငံနဲ့လူမျိုးအပေါ် အားကိုးယုံကြည်စိတ်၊ မိမိပြည်ထောင်စုကြီးကို ချစ်မြတ်နိုးစိတ်၊ ပြည်ထောင်စုကြီးအတွင်းမှာ အတူယှဉ်တွဲနေထိုင်လိုတဲ့ ပြည်ထောင်စုစိတ်ဓာတ်တွေဟာလည်း ပိုမိုရှင်သန် အားကောင်းလာခဲ့ပါတယ်။ တိုးတက်မှုအခြေအနေကောင်းတွေ ရရှိနေပြီဖြစ်တဲ့ သမီးတို့နိုင်ငံကို ပတ်ဝန်းကျင်နိုင်ငံတွေနဲ့ ရင်ပေါင်တန်းနိုင်အောင် တိုးတက်သည်ထက် တိုးတက်အောင် ဆက်လက် ကြိုးပမ်းတည်ဆောက်နေဆဲဖြစ်ပါတယ်။ ဒီနေရာမှာ နိုင်ငံတော်အစိုးရက မှန်ကန်တဲ့ ဦးဆောင်မှုပေးပြီး နိုင်ငံနဲ့ ပြည်သူတွေအကျိုးအတွက် အလေးအနက်ထား ဆောင်ရွက်နေမှုအပေါ် ပြည်သူတစ်ရပ်လုံးက နားလည်သဘောပေါက်စွာနဲ့ ခေတ်မီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းအားဖြည့် ဆောင်ရွက်နေကြတာဟာ နိုင်ငံတော်သစ်အတွက် အားတက်စရာမြင်ကွင်းပဲ ဖြစ်ပါတယ်။

ပိုမိုတက်ကြွစွာဆောင်ရွက်

အခုလို အားကြိုးမာန်တက် ဝိုင်းဝန်းဆောင်ရွက်နေချိန်မှာ သမီးတို့ကလည်း ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်တွေပီပီ ဒေသရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ကျရာအခန်းက ပါဝင်ပြီး ဒေသခံပြည်သူတွေကိုလည်း မှန်ကန်တဲ့ အသိအမြင်တွေနဲ့ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းတွေမှာ ပိုမိုတက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် စည်းရုံးဆောင်ရွက်သွားပါ့မယ်လို့ တင်ပြအပ်ပါတယ်ရှင့်။

သမီးတို့ပြည်ထောင်စုကြီးဟာ ရှေးယခင်ကတည်းက ကိုယ့်ထီးကိုယ့်နန်းနဲ့ ပတ်ဝန်းကျင်နိုင်ငံတွေက လေးစားရတဲ့ နိုင်ငံအဖြစ် ထည်ထည်ဝါဝါ ရပ်တည်နိုင်ခဲ့ပြီး သမီးတို့တွေဟာ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နဲ့ ဝင့်ထည်စွာ နေထိုင်ခဲ့ကြတဲ့ လူမျိုးဖြစ်ပါတယ်။ တစ်ချိန်မှာ ပြည်ပကျူးကျော်မှုကို ခံရပေမယ့်လည်း မည်သည့်တိုင်းတစ်ပါးသားတွေရဲ့ အုပ်ချုပ်မှုအောက်မှာမှ မနေလိုတဲ့ ဇာတိမာန်နဲ့ သမီးတို့ ဘိုးဘွားတွေဟာ အသက်သွေးချွေးစတေးပြီး နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ပြန်လည်ရအောင်ယူပေးခဲ့ပါတယ်။ ဘိုးဘွားတွေ ရအောင်ယူပေးခဲ့တဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို မြဲအောင်ထိန်းရမယ့် တာဝန်ဟာ သမီးတို့ တိုင်းရင်းသားအားလုံးရဲ့ မွေးရာပါတာဝန်ပဲဖြစ်ပါတယ်။ ဒီနေ့မှာ သမီးတို့နိုင်ငံရဲ့ ရရှိပြီးအခြေအနေတွေ ပျက်ပြားသွားအောင်၊ သူတို့ရဲ့ သြဇာခံကြိုးဆွဲနိုင်ငံအဖြစ် ရောက်ရှိအောင် ပြည်ပနိုင်ငံကြီးတချို့က တစိုက်မတ်မတ် ကြိုးပမ်းအားထုတ်နေကြပါတယ်။ ဘယ်လောက်ပင် အားထုတ်ကြိုးပမ်းနေပေမယ့်လည်း သမီးတို့ တိုင်းရင်းသားတွေ စည်းလုံးညီညွတ်နေသရွေ့ သမီးတို့ ပြည်ထောင်စုကြီး တိုးတက်ဖြစ်ထွန်းနေမှာဖြစ်ပြီး ပြည်ထောင်စုကြီး ဖြစ်ထွန်းနေသရွေ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာဟာလည်း တည်တံ့ခိုင်မြဲနေမယ်လို့ သမီးတို့အားလုံးက ယုံကြည်ပါတယ်။ နိုင်ငံတော် အဓွန့်ရှည်တည်မြဲရေးအတွက် သမီးတို့ရင်မှာ ဖြစ်တည်ပြီးဖြစ်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ကို နိုင်ငံအနှံ့သယ်ဆောင်ပြီး တိုင်းရင်းသားပြည်သူတွေကြား ခိုင်မာနေအောင် တာဝန်ထမ်းဆောင်ရင်း အစွမ်းရှိသရွေ့ သမီးတို့ ကြိုးပမ်းသွားပါ့မယ်လို့ တင်ပြအပ်ပါတယ်ရှင့်။

အကျိုးရှိရှိအသုံးပြု

သမီးတို့ တာဝန်ထမ်းဆောင်ချိန်မှာ နယ်စပ်ဒေသတွေမှာ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးပြီး ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားရေးဘဝတွေ တိုးတက်လာအောင်၊ ဒေသခံပြည်သူတွေကြားမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ်တွေ ရှင်သန်ပြန့်ပွားနေအောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ တာဝန်တွေကို အောင်အောင်မြင်မြင် ထမ်းဆောင်နိုင်အောင်လည်း သမီးတို့ကို အမိတက္ကသိုလ်က စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးခဲ့ပါတယ်။ သမီးတို့အနေနဲ့ နိုင်ငံတော်က အားထားယုံကြည်ခြင်းခံရတဲ့ သားကောင်းသမီးမွန်များအဖြစ်နဲ့ သင်ယူတတ်မြောက်ထားတဲ့ ပညာရပ်တွေကို အကျိုးရှိရှိအသုံးပြုပြီး နိုင်ငံတော်နဲ့ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားပါ့မယ်လို့ ဥက္ကဋ္ဌကြီးနဲ့ အကြီးအကဲများ ရှေ့မှောက်မှာ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင့် ဟု ဂါရဝပြု ပြောကြားသည်။

ထို့နောက် တွေ့ဆုံဂါရဝပြု သြဝါဒခံယူသည့် အခမ်းအနားကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် သင်တန်းသား သင်တန်းသူများနှင့် ကြီးကြပ်သူ ဆရာဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

မိုးညှင်းဝိပဿနာတိုက်သစ် အသံမစဲပဋ္ဌာန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၁၈၅ ဓမ္မစေတီလမ်း ရွှေတောင်ကြား(၂)ရပ်ကွက် မိုးညှင်း ဝိပဿနာ တိုက်သစ်အတွင်း၌ နှစ်စဉ် ကျင်းပပူဇော် လှူဒါန်းအပ်သော (၁၅)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းပွဲနှင့် နှမ်းမနဲထိုးအလှူပွဲကို ၁၃၆၈ခု တပို့တွဲလဆန်း ၁၃ရက် (ဇန်နဝါရီ ၃၀ရက်)မှ တပို့တွဲလပြည့်ကျော် ၁ရက် (ဖေဖော်ဝါရီ ၂ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်လှူဒါန်းမည်ဟု သိရသည်။ **(က-ပ)**

စာပေဗိမာန် စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၅

စာပေဗိမာန် စာအုပ်အသင်းက ၂၀၀၃ခုနှစ် စာပေဗိမာန် စာမူဆု ကလေးစာပေ ပထမဆုရ သိပ္ပံစိုးမြင့်နိုင်၏ **"ကလေးများအတွက် ပတ်ဝန်းကျင်မှ လျှပ်စစ်သုတ"**စာအုပ်ကို စာအုပ်အသင်း၏ ၂၈အုပ်မြောက် စာအုပ်အဖြစ် ရန်ကုန်နှင့် နယ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး နယ်အသင်းဝင်များသို့ ပေးပို့လျက်ရှိသည်။

စာပေဗိမာန် စာအုပ်အသင်းဝင်လိုလျှင် အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အရောင်းဌာန ဖုန်း-၃၈၁၃၄၈၊ ၂၄၉၀၃၁ အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့သို့လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထိုင်းဘုရင့်တပ်မတော် လေ့လာရေးအဖွဲ့ဝင်များ အမျိုးသားပြတိုက်ကြည့်ရှုလေ့လာပြီး ပြန်လည်ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၅

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် National Defence College မှ Major General Pornpipat Subhanbhesuj ဦးဆောင်သော လေ့လာရေးအဖွဲ့သည် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ သွားရောက်ပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်း၊ ပြကွက်များကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ခေါင်းဆောင် Major General Pornpipat Subsanbhesuj သည် တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး ဧည့်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ပြန်လည်ထွက်ခွာ

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် National Defence College မှ Major General Pornpipat Subhanbhesuj ဦးဆောင်သော လေ့လာရေး အဖွဲ့ဝင် များသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ လေ့လာရေးခရီး ပြီးဆုံး၍ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

အဆိုပါ လေ့လာရေးအဖွဲ့ဝင်များအား နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်မှ ဗိုလ်မှူးကြီးလှထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Suphot Dhirakaosal၊ စစ်သံမှူး Colonel. Prissapa Suvanatat နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ဂုဏ်ပြု တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများနှင့် တေးဂီတဖြေဖျော်ပွဲများ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၅

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အကများနှင့် တေးဂီတဖြေဖျော်ပွဲများကို ဖေဖော်ဝါရီ ၁၃ရက်နှင့် ၁၄ရက်တို့တွင် နေပြည်တော် မြို့တော်ခန်းမဝင်းအတွင်း၌ ကပြဖြေဖျော်မည်ဖြစ်ရာ ပြည်သူများ လာရောက်ကြည့်ရှု အပန်းဖြေနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

* ကျော့ဖုံးမှ

ယင်းသို့ လုံခြုံရေးကောင်စီ၌ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မဲခွဲသည့်အဆင့်တွင် လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံနှင့် အလှည့်ကျအဖွဲ့ဝင် ၁၀နိုင်ငံ စုစုပေါင်းနိုင်ငံ ၁၅နိုင်ငံသာ ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ကြားနေမဲပေးခွင့်ရှိပြီး အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံသာ ဗီတိုအာဏာသုံး၍ ပယ်ချခွင့်ရှိသည်။

လုံးဝလက်မခံ

သို့ရာတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရေးအတွက် လုံခြုံရေးကောင်စီသို့ ဆုံးဖြတ်ချက်မူကြမ်း ပူးပေါင်းတင်သွင်းခဲ့သော အမေရိကန်နှင့် ဗြိတိန်တို့၏ မှုမမှန်သော တစ်ဖက်စောင်းနင်းလုပ်ရပ်ကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးကလည်း လုံးဝလက်မခံဘဲ ဇန်နဝါရီလ ၁၉ရက်နေ့တွင် ဆန့်ကျင်ကန့်ကွက်လိုက်ကြောင်းသိရသည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးသည် ကိုလိုနီနယ်ချဲ့တို့အား တွန်းလှန်ပြီး လွတ်လပ်ရေးရယူခဲ့ကြသော အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကတို့မှ နိုင်ငံများပူးပေါင်းဖွဲ့စည်းထားသည့် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့ကြီးဖြစ်သည်။ ၁၉၅၅ခုနှစ်၌ မြန်မာနိုင်ငံအပါအဝင် နိုင်ငံငါးနိုင်ငံ ဦးဆောင်ကျင်းပခဲ့သော ဘန်ဒေါင်းညီလာခံမှ ချမှတ်ခဲ့သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို အခြေခံပြီး ဘက်မလိုက်အခြေခံမူကြီး(၆)ချက် ချမှတ်ကျင့်သုံးကာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးလျက်ရှိသည်။

၁၁၇ နိုင်ငံ

ယခုအခါ ကမ္ဘာ့ကုလသမဂ္ဂတွင် နိုင်ငံပေါင်း ၁၉၂နိုင်ငံပါဝင်ပြီး ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့တွင် နိုင်ငံပေါင်း ၁၁၈နိုင်ငံ ပါဝင်သည်။ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံ ၁၁၇နိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအဖြစ်လည်း ပါဝင်လျက်ရှိသည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့တွင် မြန်မာနိုင်ငံနှင့်အတူ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်၊ အိမ်နီးချင်းနှင့် ဒေသတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဘရူနိုင်းနှင့် ဖိလစ်ပိုင်တို့လည်း ပါဝင်ကြပြီး အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက လေ့လာသူနိုင်ငံအဖြစ်ပါဝင်သည်။

ဝေဖန်သုံးသပ်

ထို့ကြောင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရေးအတွက် လုံခြုံရေးကောင်စီကို ခုတုံးလုပ်အသုံးချရန် ကြိုးပမ်းအားထုတ်လာသော အမေရိကန်နှင့် ဗြိတိန်တို့၏ မှုမမှန်သောတစ်ဖက်စောင်းနင်းလုပ်ရပ်ကို ယခုကဲ့သို့ ဗီတို Double Veto သုံး၍ ကန့်ကွက်ပယ်ချလိုက်ခြင်းနှင့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံအားလုံးက ဆန့်ကျင်ကန့်ကွက်လိုက်ခြင်းသည် ကမ္ဘာ့နိုင်ငံအများစုကြီး၏ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား အမြတ်တနိုး တန်ဖိုးထားလေးစားမှုနှင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုကို အထင်ကရ ပြဆိုလိုက်ခြင်းပင်ဖြစ်သည်ဟု နိုင်ငံတကာရေးရာ လေ့လာအကဲဖြတ်သူများအတွင်း ဝေဖန်သုံးသပ်နေကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း သဘောထားကြေညာချက်

အမေရိကန်နှင့် ဗြိတိန်တို့၏ မြန်မာနိုင်ငံအပေါ် မဟုတ်မမှန် စွပ်စွဲချက်များနှင့် တစ်ဖက်သတ် ဖိအားပေးလုပ်ဆောင်ချက်ကို ကြိုဆိုထောက်ခံခဲ့ကြသော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများအားလုံးကို ပြစ်တင်ရှုတ်ချကန့်ကွက်

ရန်ကုန် ဇန်နဝါရီ ၂၅

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ဇန်နဝါရီ ၂၅ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ သဘောထားကြေညာချက်

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းရန် ဖိအားပေးလုပ်ဆောင်ခဲ့ပြီးနောက် မြန်မာနိုင်ငံ၏ အရေးကိစ္စအပေါ် ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၂ရက်နေ့တွင် ကျင်းပသော ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေး၌ ဆုံးဖြတ်ချက်ချမှတ် အရေးယူရန် ဆုံးဖြတ်ချက်မူကြမ်း တင်သွင်းခဲ့သော အမေရိကန်နှင့်ဗြိတိန်တို့၏ မမှန်မကန် တစ်ဖက်သတ် ဖိအားပေးလုပ်ဆောင်ချက်တို့သည် အောင်မြင်မှုမရှိဘဲ ပျက်ပြားသွားခဲ့ရပြီဖြစ်သည့်အတွက် အမေရိကန်နှင့် ဗြိတိန်တို့၏ မြန်မာ့ပြည်တွင်းရေးကို စွက်ဖက်ရေးကြိုးပမ်းမှုမှာ အချည်းနှီးဖြစ်သွားရပြီဖြစ်ပါသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမေရိကန်နှင့် ဗြိတိန်တို့၏ မြန်မာ့အရေးကိစ္စအဆိုမူကြမ်း ရှုံးနိမ့်သွားရခြင်းမှာ တရားမျှတမှုအောင်ပွဲဟု ပြောနိုင်သလို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဂုဏ်သိက္ခာကိုလည်း မြှင့်တင်ပေးလိုက်ခြင်းဖြစ်သည်ဟု ယူဆမိပါသည်။

အမေရိကန်နှင့် ဗြိတိန်တို့၏ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် မဟုတ်မမှန် လုပ်ကြံစွပ်စွဲချက်များနှင့် တစ်ဖက်သတ်ဖိအားပေးခြင်းစသော လုပ်ဆောင်ချက်များကို ကြိုဆိုထောက်ခံခဲ့ကြသော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများအားလုံးကို ပြစ်တင်ရှုတ်ချကန့်ကွက်ပါသည်။

အဆိုပါ အဆိုပြုချက်မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်ရာ၌ ဗီတိုအာဏာကို တရားမျှတစွာ အသုံးပြုခဲ့ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်းကောင်း၊ ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့သော တောင်အာဖရိကသမ္မတနိုင်ငံအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း လေးနက်စွာ ထောက်ခံကြေညာအပ်ပါသည်။

မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း

နေ့စွဲ။ ၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ ၂၅ရက်
ရန်ကုန်မြို့။

ပြည်ထောင်စုမြန်မာနိုင်ငံ မူဆယ်–နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၏ ကြေညာချက်

အမေရိကန်၏ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ဖိအားပေးလုပ်ဆောင်မှုများကို ကြိုဆိုထောက်ခံခဲ့ကြပြီး အတိုင်အဖောက်ညီညီ လိုက်ပါလှုပ်ရှားခဲ့ကြသော ပြည်တွင်းပြည်ပ အမျိုးသားသစ္စာဖောက်များ၊ အဖွဲ့အစည်းများအား ရှုတ်ချ

ရန်ကုန် ဇန်နဝါရီ ၂၅

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ပြည်ထောင်စုမြန်မာနိုင်ငံ မူဆယ်–နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းက ဇန်နဝါရီ ၂၂ရက်တွင် သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ပြည်ထောင်စုမြန်မာနိုင်ငံ မူဆယ်–နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၏ သဘောထားကြေညာချက်

ပြည်ထောင်စုမြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် အမေရိကန်နှင့် ဗြိတိန်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံအပေါ် မဟုတ်မမှန် လုပ်ကြံစွပ်စွဲပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူပေးရန် အဆိုပြုဆုံးဖြတ်ချက်မူကြမ်း တင်သွင်းခဲ့ရာ အောင်မြင်မှုမရှိဘဲ ပျက်ပြားသွားခြင်းကို ဤအသင်းမှ အသင်းသူ အသင်းသား လုပ်ငန်းရှင်ကုန်သည်များအားလုံးက များစွာနှစ်ထောင်းအားရဝမ်းသာဖြစ်မိပါကြောင်း ဖော်ပြအပ်ပါသည်။

အမေရိကန်အစိုးရ၏ ပြည်ထောင်စုမြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ဖိအားပေး လုပ်ဆောင်မှုများကို ကြိုဆိုထောက်ခံခဲ့ကြပြီး အမေရိကန်အစိုးရ၏ လုပ်ရပ်များနှင့်အတူ အတိုင်အဖောက်ညီညီ အချိန်ကိုက်ပြီး လိုက်ပါလှုပ်ရှားခဲ့ကြသော ပြည်တွင်းပြည်ပ အမျိုးသားသစ္စာဖောက်များ၊ အဖွဲ့အစည်းများအား ဤအသင်းမှ အသင်းသူ အသင်းသား လုပ်ငန်းရှင်ကုန်သည်များအားလုံးက ပြင်းထန်စွာ ကန့်ကွက်ပြစ်တင်ရှုတ်ချလိုက်ပါသည်။

၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၂ရက်နေ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ၏အရေးကိစ္စကို မဲခွဲဆုံးဖြတ်ရာ၌ ဗီတိုအာဏာ Double Vetoသုံးပြီး ကန့်ကွက်ပယ်ချခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အပြင် ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့သော တောင်အာဖရိကသမ္မတနိုင်ငံတို့အား ပြည်ထောင်စုမြန်မာနိုင်ငံ မူဆယ်–နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းမှ အသင်းသူ အသင်းသား လုပ်ငန်းရှင်ကုန်သည်များအားလုံးက အထူးဂုဏ်ပြု ကျေးဇူးတင်ပါကြောင်း လေးနက်စွာဖော်ပြအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ မူဆယ်–နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း

ရက်စွဲ။ ၂၀၀၇ခုနှစ်၊ ဇန်နဝါရီ ၂၂
မူဆယ်မြို့။

■ *ကျောဖုံးမှ*

အဆိုပါသဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်း တင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ သဘောထားကြေညာချက်

၁။ အမေရိကန်အစိုးရသည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန်အတွက် မြန်မာနိုင်ငံ၏ အရေးကိစ္စသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများ၏ လုံခြုံရေးကို ထိခိုက်နိုင်သဖြင့် လုံခြုံရေးကောင်စီ၏ အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် တင်ပြတောင်းဆို၍ ၂၀၀၆ခုနှစ် စက်တင်ဘာလ ၁၅ရက်နေ့တွင် လုံခြုံရေးကောင်စီ၌ မဲခွဲဆုံးဖြတ်ခဲ့သည်ဟု သိရပါသည်။

၂။ ဆက်လက်၍ ၂၀၀၇ခုနှစ် ဇန်နဝါရီလ၁၂ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုက ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ မြန်မာနိုင်ငံသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေး၊ လုံခြုံရေးကို ထိခိုက်စေသဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ် တင်သွင်းခဲ့ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာဖြင့် ပယ်ချခဲ့သဖြင့် အတည်ပြုနိုင်ခြင်းမရှိခဲ့ကြောင်းသိရပါသည်။

၃။ ယနေ့ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေမှာ ပြည်တွင်းငြိမ်းချမ်းမှုရရှိခြင်း၊ မူးယစ်ဆေးဝါးမှုခင်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိခြင်း၊ တိုင်းရင်းသားများနှင့် မြန်မာနိုင်ငံအနှံ့ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ခြင်း၊ ပြည်သူလူထု အလွှာအသီးသီးမှ ကိုယ်စားလှယ်များက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် အခြေခံမူများ ချမှတ်နိုင်ခြင်းနှင့် လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို တွေ့မြင်နိုင်ပါသည်။ နိုင်ငံတကာလုံခြုံရေးကို ထိခိုက်စေရန်မဆိုထားနှင့် ဒေသတွင်းရှိ အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၏ လုံခြုံရေးကိုပါ မထိခိုက်ဟုယူဆကြောင်း၊ ဒေသတွင်းလုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ခြိမ်းခြောက်ရာရောက်သည်ဟုလည်း မယူဆကြောင်း၊ မြန်မာနိုင်ငံနှင့် အနီးကပ်ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများက ထုတ်ဖော်ပြောကြားကြောင်း သိရှိရပါသည်။

၄။ ဤသို့ လက်ရှိမြန်မာနိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးနေသော အခြေအနေကို မျက်ကွယ်ပြုထားသော ဆုံးဖြတ်ချက်မူကြမ်းကို တင်သွင်းခြင်းသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို ဆန့်ကျင်ကာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ရာရောက်သဖြင့် အဆိုပါမူကြမ်း တင်သွင်းခဲ့သည့် အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့၏လုပ်ရပ်ကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ရှုတ်ချလိုက်သည်။

၅။ ထို့အပြင် မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် အမှန်တရားကို အသိအမှတ်ပြု ရပ်တည်ပေးခဲ့ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ မဲခွဲဆုံးဖြတ်ရာတွင် ဗီတိုအာဏာသုံးပြီး ပယ်ချခဲ့ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တို့အားလည်းကောင်း၊ ဆန့်ကျင်ကန့်ကွက်ပေးခဲ့သော တောင်အာဖရိကနိုင်ငံအားလည်းကောင်း အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။ **မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့။**

● *ကျောဖုံးမှ*

အဆိုပါ သဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၏ သဘောထားကြေညာချက်

မြန်မာပြည်သူများ လိုလားတောင့်တနေသောအဖြေရရှိခဲ့၍ နှစ်ထောင်းအားရဖြစ်မိ အမှန်တရား လက်စွဲရပ်တည်ပေးခဲ့သောနိုင်ငံများကို အထူးကျေးဇူးတင်

၁။ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် အမေရိကန်နှင့် ဗြိတိန်တို့သည် မြန်မာနိုင်ငံအပေါ် မဟုတ်မမှန်လုပ်ကြံစွပ်စွဲပြီး လုံခြုံရေးကောင်စီတွင် အရေးယူပေးရန် အဆိုပြုဆုံးဖြတ်ချက်မူကြမ်း တင်သွင်းခဲ့ရာ အောင်မြင်မှုမရရှိဘဲ ပျက်ပြားသွားခြင်းကို မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်းသူ၊ အသင်းသားများအားလုံးက နှစ်ထောင်းအားရဖြစ်မိပါကြောင်းနှင့် မြန်မာနိုင်ငံပြည်သူများ လိုလားတောင့်တနေသော အဖြေထွက်ပေါ်လာခြင်းနှင့်ပတ်သက်၍ များစွာဝမ်းသာပီတိ ဖြစ်ရပါကြောင်း ဖော်ပြအပ်ပါသည်။

၂။ ယခုအခါ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များ အသင်းသူ၊ အသင်းသားများနှင့်အတူ နိုင်ငံတော်အတွင်းနေ ပြည်သူများ လိုလားတောင့်တ မျှော်လင့်နေသည့် တည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နိုင်ငံတော်အစိုးရဘက်မှ နေ့နေ့ ညည အားသွန်ခွန်စိုက် လုပ်ဆောင်နေပါသည်။ ဤကဲ့သို့ လုပ်ဆောင်နေချိန်တွင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေကို မျက်ကွယ်ပြု၍ အမေရိကန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့က လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်မူကြမ်း တင်သွင်းခဲ့ပါသည်။ ယင်းတင်သွင်းချက်နှင့် ပတ်သက်၍ ၂၀၀၇ခုနှစ် ဇန်နဝါရီလ၁၂ရက်နေ့ မဲခွဲဆုံးဖြတ်ရာတွင် မြန်မာနိုင်ငံဘက်မှ အမှန်တရား လက်ကိုင်ထားသော မိတ်ဆွေနိုင်ငံများမှ ဗီတိုအာဏာသုံးစွဲခြင်းနှင့် ကန့်ကွက်မဲပေးခြင်းတို့ကြောင့် အောင်မြင်မှု မရရှိဘဲ ပျက်ပြားသွားခဲ့ကြောင်း တွေ့ရှိရ၍ မြန်မာနိုင်ငံနေ ပြည်သူများနှင့်အတူ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းမှ များစွာဂုဏ်ယူမိပါသည်။

၃။ ဤကဲ့သို့ မြန်မာနိုင်ငံအခြေအနေမှန်ကို သိရှိစာနာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တောင်အာဖရိကနိုင်ငံများကို မြန်မာပြည်သူများနှင့်တကွ အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံ၏ မိတ်ဆွေနိုင်ငံ များစွာရှိပါကြောင်း၊ ကမ္ဘာကလည်းသိရှိကြောင်း ဖော်ပြကြေညာအပ်ပါသည်။

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း

ရက်စွဲ။ ၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ ၂၄ရက်
ရန်ကုန်မြို့။

ကမ္ဘာတစ်လွှား အားကစား

အင်တာမီလန် ထပ်ဆင့်ချန်ပီယံဖြစ်ရေး စွမ်းဆောင်ပေးမည့် ခရက်စပို



ချယ်လ်ဆီးအသင်းအား ပရီမီယာလိဂ်ဖလား ဖိုလ်စွဲအောင်ကစားပေးခဲ့သည့် ခရက်စပို။ (ဓာတ်ပုံ-အင်တာနက်)

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ရောမ ဇန်နဝါရီ ၂၅

အီတလီစီးရီးအေ၌ နှစ်နှစ်ဆက်တိုက်ချန်ပီယံဖလားကို သိမ်းပိုက်မည့်အသင်းမှာ အင်တာမီလန်ဖြစ်ပြီး ယခုနှစ် အီတလီစီးရီးအေ၌ ဒုတိယနေရာမှ ရိုးမားအသင်းနှင့် ပွဲတူ ၁၁မှတ်ကွာဖြင့် တန်းစီဇယားထိပ်ဆုံးမှ ဦးဆောင်နေသည့် အသင်းဖြစ်သည်။

အင်တာမီလန်အသင်း၏စီးရီးအေ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် လွန်ခဲ့သည့်ငါးနှစ်အချိန်ကာလဖြစ်သော ၂၀၀၂-၂၀၀၃ ၌ ဒုတိယ၊ ၂၀၀၃-၂၀၀၄ ၌ စတုတ္ထ၊ ၂၀၀၄-၂၀၀၅၌ တတိယ၊ ၂၀၀၅-၂၀၀၆ တွင် ချန်ပီယံနှင့် ယခု ၂၀၀၆-၂၀၀၇ခုနှစ်တွင်လည်း ချန်ပီယံဖြစ်ရန် ရေပန်း အစားဆုံးဖြစ်နေသည်။

ခြေစွမ်းပြနေသူ

အင်တာမီလန်အသင်း ယခုနှစ်၌ စီးရီးအေ၊ ကိုပါ အီတာလီယာဖလား၊ ချန်ပီယံလိဂ်ဖလားရရှိရန် တာစူနေလျက်ရှိရာ အင်တာမီလန်အသင်းအတွက် အဓိကပံ့ပိုးပေးမည့်သူမှာ ခရက်စပိုဖြစ်ပြီး တိုက်စစ်မှူး အီဘရာဟီမိုဗစ်နှင့်အတူ အင်တာမီလန်၌ ခြေစွမ်းပြနေသူ တစ်ဦးလည်းဖြစ်သည်။

ခရက်စပို၏တစ်ကျော့ပြန် အင်တာမီလန်ဇာတ်လမ်းကို ပြန်ပြောင်း ကြည့်လျှင် စိတ်ဝင်စားစရာကောင်းသည်ကို တွေ့ရမည်ဖြစ်သည်။ ၁၉၇၅ခုနှစ် ဇူလိုင် ၅ရက်၌ အာဂျင်တီးနားနိုင်ငံ ဖလော်ရီဒါမြို့၌ မွေးဖွားခဲ့ပြီး အသက်(၁၈)နှစ်အရွယ်မှာပင်အာဂျင်တီးနားဘောလုံးအသင်း လက်ရွေးစင်ဖြစ်ခဲ့သူဖြစ်သည်။

ပြောင်းရွှေ့ကစား

၂၀၀၁-၂၀၀၂ ဘောလုံးရာသီတွင် လာဇီယိုအသင်းသို့ ရောက်ရှိလာပြီး လာဇီယိုအတွက် စီးရီးအေ ဘောလုံးပွဲပေါင်း ၁၉ပွဲနှင့် ချန်ပီယံလိဂ် ဘောလုံးပွဲစဉ် သုံးပွဲကစားပေးခဲ့သည်။ ထိုနှစ်၌ စီးရီးအေတွင် လာဇီယိုအတွက် ၁၉ပွဲကစားပြီး ၁၃ဂိုးသွင်းယူပေးနိုင်ခဲ့သလို ချန်ပီယံလိဂ်သုံးပွဲတွင် သုံးဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ၂၀၀၂-၂၀၀၃ ဘောလုံးရာသီ၌ ခရက်စပို အင်တာမီလန် အသင်းသို့ ပြောင်းရွှေ့ကစားခဲ့လေသည်။

ထိုနှစ်တွင် အင်တာမီလန်အား ချန်ပီယံလိဂ် ဘောလုံးပွဲ ၁၂ပွဲ ကစားပေးခဲ့ပြီး ကိုးဂိုးသွင်းယူနိုင်ခဲ့သလို စီးရီးအေတွင်လည်း ၁၄ပွဲကစားပြီး ခုနစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ထိုနှစ်တွင် စီးရီးအေ၌ အင်တာမီလန်တို့ ဒုတိယရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

ဖိုလ်စွဲခဲ့

ခရက်စပို၏ ခြေစွမ်းကို သဘောကျသော ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ရအောင်ခေါ်ယူခဲ့ရာ ပရီမီယာလိဂ်အသင်း ချယ်လ်ဆီးသို့ ခရက်စပို ရောက်ရှိခဲ့ပြန်သည်။ ၂၀၀၃-၂၀၀၄ ဘောလုံး ရာသီတွင် ချယ်လ်ဆီးအတွက် ပရီမီ ယာလိဂ် ၁၃ ပွဲကစားခဲ့ပြီး ၁၀ ဂိုးနှင့် ချန်ပီယံလိဂ် ခုနစ်ပွဲ ကစားပေးပြီး နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ထိုနှစ်၌ပင် ချယ်လ်ဆီးတို့ ပရီမီယာလိဂ်ဖိုလ်စွဲခဲ့လေသည်။

၂၀၀၄-၂၀၀၅ ဘောလုံးရာသီ တွင် ခရက်စပိုသည် အေစီမီလန်သို့ ပြောင်းရွှေ့ကစားခဲ့ပြီး အေစီမီလန် အတွက် ချန်ပီယံလိဂ် ခုနစ်ပွဲနှင့်စီးရီးအေ၂၄ပွဲ ကစားပေးခဲ့ကာ ၁၆ဂိုးသွင်းပေးနိုင်ခဲ့သည်။

အကျိုးပြု

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ၌ ချယ်လ်ဆီးသို့ ပြန်ရောက်လာသော ခရက်စပိုသည် ပရီမီယာလိဂ်တွင်ပွဲပေါင်း ၂၀ ကစားပေးခဲ့ပြီး ၁၀ဂိုး သွင်းပေးနိုင်ခဲ့ပြီး ချယ်လ်ဆီးအတွက် ချန်ပီယံလိဂ်၊ အက်ဖ်အေဖလား၊ ကားလင်းဖလား ပွဲစဉ်များ၌ ပါဝင်ကစားခဲ့ရာ စုစုပေါင်း ၁၆ဂိုးသွင်းပေးနိုင်ခဲ့ပြီး ချယ်လ်ဆီးလည်း ပရီမီယာလိဂ် ထပ်ဆင့်ချန်ပီယံဖြစ်အောင် အကျိုးပြုခဲ့လေသည်။

ထို့နောက် ၂၀၀၆-၂၀၀၇ ဘောလုံးရာသီတွင် အင်တာမီလန် အသင်းသို့ ပြန်လည်ပြောင်းရွှေ့ကစားခဲ့ပြန်သည်။ အင်္ဂလိပ်ပရီမီယာလိဂ်၌ အကောင်းဆုံး ခြေစွမ်းမပြနိုင်သဖြင့် စိတ်ပျော်ရွှင်မှုမရှိသော ခရက်စပိုသည် အင်တာမီလန် အသင်းသို့ ရောက်ရှိသည်နှင့် ခြေစွမ်းပြ ဂိုးသွင်းနိုင်ခဲ့သည်။

အံ့ဝင်မှုရှိ

လောလောဆယ်တွင် အင်တာမီလန် အသင်းအတွက် စီးရီးအေပွဲပေါင်း ၁၄ ပွဲကစားပေးခဲ့ပြီး ခုနစ်ဂိုး သွင်းယူပေးထားနိုင်သလို ချန်ပီယံလိဂ်ပွဲစဉ်၌လည်း အင်တာမီလန်အတွက် နှစ်ပွဲကစားပေးထားပြီး တစ်ဂိုးသွင်းပေးထားနိုင်သည်။ အင်တာမီလန်တွင် ကစားရခြင်းမှာ မိမိအတွက် စိတ်ပျော်ရွှင်မှုဖြစ်စေကြောင်း၊ အီတလီမြေသည် မိမိအတွက် ပိုပြီးအံ့ဝင်မှုရှိကြောင်း ခရက်စပိုက ထုတ်ဖော်ပြောကြားခဲ့သည်။

ချီးကျူး

အင်တာမီလန်အသင်းဥက္ကဋ္ဌ မိုရက်တီကလည်း ခရက်စပိုကဲ့သို့ ဘောလုံးသမားတစ်ဦး ရှိနေခြင်းမှာ အသင်းအတွက် အလွန်ကြီးမားသော အင်အားတစ်ရပ်ဖြစ်စေကြောင်း ပြောကြားခဲ့သလို အင်တာမီလန်နည်းပြ ရောဘာတိုမင်ချိနီကလည်းတစ်ဖက်အသင်း ဂိုးဧရိယာအတွင်း၌ အပြောင်မြောက်ဆုံး ဂိုးသွင်းနိုင်သူတစ်ဦးဖြစ်ကြောင်း ချီးကျူးစကားပြောကြားခဲ့သည်။

လက်ရှိအနေအထားတွင် အင်တာမီလန်၌ စတန်ကိုဗစ်၊ မာတာရာဇီ၊



အင်တာမီလန် အသင်းတွင် ဂိုးသွင်းပြီး အောင်ပွဲခံနေသော ခရက်စပို။ (ဓာတ်ပုံ-အင်တာနက်)

အီဘရာဟီမိုဗစ်နှင့် ခရက်စပိုတို့မှာ ဂိုးသွင်းသူရဲကောင်းများဖြစ်ရာ အင်တာမီလန်တို့ စီးရီးအေ၌ ထပ်ဆင့်ချန်ပီယံဖြစ်ရေးကို လက်တွေ့အကောင်အထည်ဖော်ပေးမည့်သူများပင်ဖြစ်သည်။

အင်တာမီလန်၏ လက်ရှိအနေအထားသည် အီတလီ စီးရီးအေ၌ ထပ်ဆင့်ဖိုလ်စွဲရန် အခြေအနေကောင်းနေပြီး ကိုပါအီတာလီယာဖလားပြိုင်ပွဲတွင်လည်း ဆမ့်ဒိုးရီးယားကို အဝေးကွင်း၌ သုံးဂိုးပြတ် အနိုင်ရယူနိုင်ခဲ့သဖြင့် ဖိုလ်လုပွဲရောက်ရှိရေး လမ်းပွင့်လျက်ရှိသည်။

စောင့်ကြည့်ရမည်

ထို့အတူ ချန်ပီယံလိဂ် နောက်ဆုံးအဆင့် ၁၆သင်းပြိုင်ပွဲ၌ ဗလင်စီယာနှင့် အိမ်ကွင်းကစားရမည်ဖြစ်ရာ ချန်ပီယံလိဂ်နောက်တစ်ဆင့်တက်ရေး သေချာနေသည်။ အင်တာမီလန်နည်းပြ မင်ချီနီကလည်းယခုနှစ်၌အနည်းဆုံး ဖလားနှစ်လုံးရယူမည်ပြောကြားထားရာခရက်စပိုအနေဖြင့်မည်သို့စွမ်းဆောင်ပေးနိုင်မည်ကိုသာစောင့်ကြည့်အကဲခတ်ရမည်ဖြစ်သည်။ **(ကိုးကား-အင်တာနက်)**

ပရီမီယာလိဂ်ဘောလုံးပွဲ အများစု လက်မှတ်ရောင်းချရမှုများ ကျဆင်းနေ

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

ဘောလုံးပွဲကြည့်ပရိသတ်များ ဝင်ရောက်မှု နည်းခဲ့သည့် ဘလက်ဘန်းကွင်း။ (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် ဇန်နဝါရီ ၂၅

ပရီမီယာလိဂ်အသင်းများသည် ပွဲကြည့်ပရိသတ်များ ဝင်ရောက်မှု နည်းလာသဖြင့်ဝင်ခွင့်လက်မှတ်ဈေးနှုန်းကို လျှော့ချပြီး ရုပ်မြင်သံကြားပြသခွင့် အခွန်ကောက်ခံမှုကို တိုးမြှင့်ကောက်ခံသင့်ကြောင်း ဘလက်ဘန်းအသင်းဥက္ကဋ္ဌ ဝှန်ဝီလျံက ဆော်ဩလိုက်သည်။

လူအဝင်နည်း

အဆိုပါပရီမီယာလိဂ်ပြိုင်ပွဲကျင်းပသူများက ပင်လယ်ရပ်ခြားရုပ်မြင်သံကြား ပြသခွင့်စာချုပ်များကို တိုးမြှင့်ချုပ်ဆိုထားပြီးဖြစ်ရာ ထိပ်တန်းအသင်းများသည် တစ်နှစ်လျှင် ပေါင်သန်း၄၀ ဝင်ငွေရရှိနိုင်သည်ဟုဆိုသည်။

ထပ်လောင်းပြောကြား

ကလပ်အသင်း အများစုသည် လူအဝင်နည်းနေသည့် ပြဿနာကြုံနေရကြောင်း ဝီလျံကပြောကြားသည်။ ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲသည် ယှဉ်ပြိုင်မှုများတဖြည်းဖြည်း ကြီးထွားလာနေကြောင်း၊ မိမိတို့ ဘလက်ဘန်း အသင်းမှာလည်း ပြိုင်ဘက် အသင်းများကို အကောင်းဆုံး စိန်ခေါ်ယှဉ်ပြိုင်နိုင်ခြေစွမ်းရှိနေဆဲပင် ဖြစ်ကြောင်း၊ လူအများစုအားပေးကြသည့်ထိပ်တန်း အသင်းလေးသင်းမှာလည်း အခုအခါ ထိပ်ပိုင်းတွင် ရောက်ရှိနေပြီဖြစ်ကြောင်း ဝီလျံကထပ်လောင်း ပြောကြားသည်။

ဘလက်ဘန်းအသင်း၏ အိဝုဒ်ပတ်ကွင်း၌ ယခုနှစ် ဘောလုံးရာသီတွင် ပျမ်းမျှအားဖြင့် လူဝင်ရောက်မှုမှာ သုံးသောင်းနှင့် နှစ်သောင်းကြားတွင်သာရှိခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

ဝိုင်ကွမ်ဘီနှင့်ပွဲတွင် နှစ်ဂိုးသွင်းခဲ့သည့် ရှက်ဗ်ချင်ကိုကို နည်းပြမော်ရင်ဟိုနှင့် ပြန်လည်သင့်မြတ်ဖွယ်ရှိ

လန်ဒန် ဇန်နဝါရီ ၂၅

ချယ်လ်ဆီးတိုက်စစ်မှူး ရှက်ဗ်ချင်ကိုအား ဝိုင်ကွမ်ဘီနှင့်ပွဲတွင် နှစ်ဂိုးသွင်းယူပေးခဲ့သဖြင့် နည်းပြမော်ရင်ဟိုအနေဖြင့် စိတ်ပြောင်းသွားနိုင်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ယာယီစစ်ပြေငြိမ်း

မော်ရင်ဟိုက ရှက်ဗ်ချင်ကိုအား လီဗာပူးနှင့်ပွဲတွင်ရှုံးနိမ့်ခဲ့မှုကြောင့် လျစ်လျူရှုထားခဲ့သည်။ သို့သော်လည်း ဝိုင်ကွမ်ဘီနှင့်ပွဲတွင် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သဖြင့် မော်ရင်ဟိုက ရှက်ဗ်ချင်ကိုအား ယာယီစစ်ပြေငြိမ်းပေးနိုင်သည်။ မိမိသည် ရှက်ဗ်ချင်ကို၏ ခြေစွမ်းပြလာမှုကို ကျေနပ်အားရကြောင်း၊ မိမိထင်ထားတာထက် ပိုမိုကစားပြနိုင်ခဲ့ကြောင်း နော့တင်ဟမ်ဖောရက်စ်နှင့် ကစားမည့်ပွဲတွင်လည်း ရှက်ဗ်ချင်ကိုအား ထည့်သွင်းကစား မည်ဖြစ်ကြောင်း မော်ရင်ဟိုက ပြောကြားသည်။



ချယ်လ်ဆီးတိုက်စစ်မှူး ရှက်ဗ်ချင်ကို။
(ဓာတ်ပုံ-အင်တာနက်)

အကွက်ဆင်ပေးနိုင်

ရှက်ဗ်ချင်ကိုသည် ဝိုင်ကွမ်ဘီနှင့် ပွဲတွင် နှစ်ဂိုးသွင်းယူပေးနိုင်သည့်အပြင် နောက်ထပ်တစ်ဂိုးကိုလည်း သွင်းယူနိုင်ရန် အကွက်ဆင်ပေးနိုင်ခဲ့ကြောင်း မော်ရင်ဟိုက ပြောကြားသည်။

တက်ရောက်

ချယ်လ်ဆီးအသင်းသည် ယင်းပွဲတွင် လေးဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ ပထမအကျော့ပွဲစဉ်တွင် တစ်ဂိုးစီသရေကျထား၍ ချယ်လ်ဆီးက နှစ်ပွဲပေါင်း ရလဒ်ငါးဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး ကားလင်းဖလားဖိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ **(အင်တာနက်)**

အက်စ်တွန်ဗီလာတိုက်စစ်မှူးဘားရို့စ် ချယ်လ်ဆီးသို့ပြောင်းရွှေ့ရန် ကြိုးစားမှုမအောင်မြင်

လန်ဒန် ဇန်နဝါရီ ၂၅

ရှောင်ရိုက်ဖီးလစ်က အက်စ်တွန်ဗီလာသင်းသို့ ပြောင်းရွှေ့ရန် ငြင်းဆန်နေခြင်းကြောင့် မီလန်ဘားရို့စ် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ရေး သဘောတူညီခဲ့မှုပျက်ပြယ်သွားနိုင်ကြောင်း အက်စ်တွန်ဗီလာကလပ်က ပြောကြားသည်။

ဆန္ဒမရှိ

အသက် ၂၅နှစ်ရှိ ချက်တိုက်စစ်မှူး ဘားရို့စ်သည် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ရန် အဆက်အသွယ်ပြုလုပ်ခဲ့သည်။ ချယ်လ်ဆီးနည်းပြမော်ရင်ဟိုက ဘားရို့အား ရိုက်ဖီးလစ်နှင့်အလိုက်ပေးလဲရန်ကြိုးစားခဲ့သည်။ သို့သော်လည်း ရိုက်ဖီးလစ်က အက်စ်တွန်ဗီလာသို့ ပြောင်းရွှေ့ရန်ဆန္ဒမရှိကြောင်း ပြောကြားခဲ့သည်ဟု ဆိုသည်။

ဆွေးနွေးခဲ့

အက်စ်တွန်ဗီလာနည်းပြမာတင်အိုနေးလ်ကလည်း ဘားရို့စ်နေရာတွင် တစ်စုံတစ်ယောက် အစားမထိုးနိုင်ပါက ဘားရို့စ်အား ထွက်ခွာခွင့်မပြုဟု ဆိုသည်။ ဘားရို့စ်သည် အက်စ်တွန်ဗီလာအသင်းနှင့် သုံးနှစ်ခွဲစာချုပ်ထားသည်။ ၎င်းသည် ဇန်နဝါရီ ၂ရက်က ဗီလာအိမ်ကွင်း၌ ချယ်လ်ဆီးအသင်းနှင့် သရေကျခဲ့သည့်ပွဲတွင် နည်းပြမော်ရင်ဟိုနှင့် ပြောင်းရွှေ့ရေးကိစ္စ ဆွေးနွေးခဲ့ကြောင်း ဝန်ခံခဲ့သည်။ (အင်တာနက်)





ကုန်ကြမ်းအဝယ်တင်ဒါ

(မြန်မာကျပ်ငွေ/နိုင်ငံခြားငွေ)

၁။ **ဝယ်ယူမည့်ပစ္စည်းများ** – (၁) French Chalk 50 M/T
(၂) Light Shadow 100 Kg
၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** – ၁–၂–၂၀၀၇ (၁၄း၀၀)နာရီ
၃။ **နေရာ** – အမှတ်(၁)စက်မှုဝန်ကြီးဌာန (နေပြည်တော်)

အသေးစိတ်အကြောင်းအရာများကို အလှကုန်ပစ္စည်းစက်ရုံတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပြီး တင်ဒါပုံစံများ ဝယ်ယူနိုင်ပါသည်။

ဖုန်း–၅၇၇၅၅၈၊ ၅၆၅၁၇၂၊ ၅၆၅၃၃၃၊ ၅၆၁၃၉၁။

မော်တော်ယာဉ်အမှတ် ၆က/ ၈၂၁၁ လက်ဝယ်ရှိသူသိစေရန်

ရန်ကုန်တိုင်း ကညနတွင်ယာဉ်ပိုင်ရှင်အမည်ပြောင်းဆောင်ရွက်နိုင်ရန် ဖုန်း–၀၉–၅၁–၃၅၃၅၁ သို့ ဤကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း ဆက်သွယ်ပါရန်။

ဦးမောင်မောင်ထွန်း
ဖုန်း–၀၉–၅၁–၃၅၃၅၁။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်းလက်အောက်ရှိ မကွေးအချိုရည် နှင့် ရေခဲစက်ရုံအတွက် လိုအပ်သော ကုန်ကြမ်း ၂၂မျိုးအား မြန်မာကျပ်ငွေ/အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။
တင်ဒါပိတ်ရက် ၂–၂–၂၀၀၇ရက်

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က)	Crown Cork၊R.O Seal	(၂)မျိုး	၀၀၄တီ/၀၆–၀၇
(ခ)	ဓာတုကုန်ကြမ်း	(၆)မျိုး	၀၀၅တီ/၀၆–၀၇
(ဂ)	အရောင်၊ အနံ့အရသာ	(၁၄)မျိုး	၀၀၆တီ/၀၆–၀၇

၂။ ချိပ်ပိတ်တင်ဒါပေးသွင်းမှုကို အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန နေပြည်တော်သို့ ၂–၂–၂၀၀၇ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးပေးသွင်းရမည်ဖြစ်ပါသည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့စားသောက်ကုန်လုပ်ငန်း(ရောင်းဝယ်ရေးဌာန)
(က) နေပြည်တော် ဖုန်း–၀၆၇–၄၀၈၀၆၇၊
(ခ) အမှတ်၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ဖုန်း–၀၁–၅၆၁၀၅၄။

မီးကြွင်းမီးကျန်မရှိရန် ကျင့်ကြံသတိအမြဲရှိ

အမည်ပြောင်း

အထက(၁) ရန်ကင်းမြို့နယ် Grade 10-Gတွင် ပညာသင်ကြားနေသော အဖ ဦးမင်းအောင်၊ အမိ ဒေါ်မာမာညွန့်တို့၏သား မောင်ရာဇာမင်းအောင်အား မောင်ဝင်းနိုင်ဦးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဝင်းနိုင်ဦး။**

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း

ကျွန်မ မယမင်းညွန့် ၁၂/စခန(နိုင်)၀၂၄၈၄၅နှင့်ဦးမိုးမြင့်လှိုင် KMYT–၀၀၂၆၇၁ တို့သည် ၁၉၉၉ခုနှစ် ဒီဇင်ဘာ၆ရက်က စမ်းချောင်းမြို့နယ်တရားရုံး၌ တရားဝင် ကွာရှင်းပြတ်စဲပြီးဖြစ်ပါသဖြင့် ၎င်းနှင့်မည်သို့မျှ ပတ်သက်သက်ဆိုင်မှု မရှိကြောင်း ကြေညာအပ်ပါသည်။

မယမင်းညွန့်.
၁၂/စခန(နိုင်)၀၂၄၈၄၅။

အမည်ပြောင်း

အထက(၁)ရန်ကင်းမြို့နယ်Grade 10-Bတွင် ပညာသင်ကြားနေသော အဖဦးကြည်လွင်၏သား မောင်ခိုင်သိန်းထွင့်အောင် ၇/ရကန(နိုင်) ၀၅၂၅၄၂ အား မောင်သိန်းထွင့်အောင်ဟုပြောင်းလဲခေါ်ပါရန်။ **မောင်သိန်းထွင့်အောင်။**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်း သြစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၇ခုနှစ် ဇန်နဝါရီ၂၆ ရက်တွင် ကျရောက်သော သြစတြေးလျနိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ သြစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အလက်ဇန္ဒားဒေါင်နာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၀၇ခုနှစ် ဇန်နဝါရီ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ပရာနဗ်၊ မူကါဂျီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြကိုင်းကျေးရွာ (၂၁)ကြိမ်မြောက် တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မြကိုင်းကျေးရွာပဋ္ဌိမာရုံကျောင်းတိုက်အတွင်း၌ ကျင်းပသော (၂၁)ကြိမ်မြောက် ခုနစ်ရက် တရားစခန်းပွဲကို တပေါင်းလဆန်း ၆ရက်မှ ၁၂ရက် (ဖေဖော်ဝါရီ၂၁ရက်မှ ၂၇ရက်) အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲ၌ ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ရွှေရတနာဆရာတော် ဘဒ္ဒန္တကောဝိဒ(မိုးကုတ်)နှင့် သွေးဆေးကန် အရှင်နန္ဒာစရိယ(ခက်သင်) သာသနဓဇ ဓမ္မာစရိယ ဂန္ထဝါစက ဓမ္မာစရိယတို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က–ပ)**

The Live News ဂျာနယ် အမှတ်(၂၁) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၅

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေ ဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ် (၂၁)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တတိယအတွင်းဝန် ရာထူးအတွက် လျှောက်လွှာခေါ်ယူ၊ ဂျပန်နိုင်ငံသို့ သွားရောက်လိုသူများ ၂၀၀၈ခုနှစ်ကျော်မှ စဉ်းစားသင့်၊ မြန်မာနိုင်ငံ စက်မှုဇုန်များအက်ဥပဒေကို သက်ဆိုင်ရာမှ မကြာမီ ပြဋ္ဌာန်းမည်၊ မဲဇလီဆိပ် တာချီလိတ် အေးရိပ်ဝေစည် ဖွံ့ဖြိုးသည်၊ အာဖဂန်နစ္စတန်တွင် အမေရိကန်တပ်အင်အား ထပ်မံတိုးမြှင့်ဖွယ်ရှိ၊ အီရတ်နိုင်ငံနှင့် ပတ်သက်သည့် ဂျော့ဘုရှ်၏ စီမံချက်အား အထက်လွှတ်တော်အမတ်များ လက်မခံ၊ အမေရိကန်နှင့် အီရတ်အစိုးရတပ်များ ရှီးယိုက်ခေါင်းဆောင်၏ ထိပ်တန်းလက်ထောက်တစ်ဦးကို ဖမ်းဆီးခဲ့၊ တရုတ်က ဂြိုဟ်တုဖျက်ဒုံးလက်နက် စမ်းသပ်၊ အစ္စရေးကာကွယ်ရေးဦးစီးချုပ် နုတ်ထွက်၊ နွေးထွေး ကြင်နာမှုဝေခံစားတတ်သည့် တလုံးတစည်းတည်းသော အာဆီယံဆီသို့၊ ရှမ်းပြည်နယ်က ချိုမြမြချဉ် စတော်ဘယ်ရီ၊ ကျွန်တော် တက္ကစီမင်းနှင့် ဆေးရုံဆင်းလူမမာ၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာ ကဏ္ဍများဖြင့် ဝေဝေဆာဆာတင်ဆက်ထားသည်။

The Live News ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း– ၂၂၉၈၈၂၊ ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်း အမှတ်၁/ဂနေ ဒေါ်မြတ်မိုးမိုး၏ မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေ ကျပ်နှစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ကိုယ်စား အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံးနှင့် အုပ်ချုပ်ရေးမှူးဦးစန်းအေးတို့က လက်ခံယူစဉ်။

(က–ပ)

မြန်မာ့ရုပ်မြင်သံကြား

၂၆–၁–၂၀၀၇ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် (အာဋာနာဋိယသုတ်)
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ ရိုးရာကျေးလက်ကစားနည်း
၈း၀၅ ၆။ အကပြိုင်ပွဲ
၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈း၂၅ ၈။ အတီးပြိုင်ပွဲ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ English for Everyday Use.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ
စတုတ္ထနှစ်(ဥပဒေပညာ အထူးပြု) [ဥပဒေပညာ]
၁၆း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၀၀ ၅။ **"နှင်းကြည့်စမ်းပါ"**
မင်းအုပ်စိုး၊ ညီဘွား၊ ခင်စိုးပိုင်
(ဒါရိုက်တာ–မင်းအုပ်စိုး)
၁၇း၀၅ ၆။ နှောင်းခေတ်တေးပဒေသာ
၁၇း၁၅ ၇။ **"အသက်ကလေးရယ်တဲ့ရှည်စေလို"**
ဦးအောင်လွင်၊ ဦးကြည်စိုး၊ မေထွဋ်ခေါင်
(ဒါရိုက်တာ–ကြည်စိုး)
၁၇း၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈း၀၀ ၉။ ညနေခင်းသတင်း
၁၈း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၁။ သုတစုံလင် ရွှေဉာဏ်ရှင်
၁၉း၀၅ ၁၂။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
(ယွန်းထည်ထွက်ရာ ကျောက်ကာရွာ)
၁၉း၁၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ
"အချစ်ဆိုသည်မှာ"
(အပိုင်း–၁၇)
၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ
"အကြင်နာနွေဦး"
(အပိုင်း–၇)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၇ခုနှစ် ဇန်နဝါရီလအတွက်နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
(၂၈–၁–၂၀၀၇)ရက်

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလအတွက်
(၁၁–၂–၂၀၀၇)ရက်နေ့
နှင့်
(၂၅–၂–၂၀၀၇)ရက်နေ့

အများပြည်သူသိရှိရန်အသိပေးနှိုးဆော်ချက်

၁။ တရားမဝင်တင်သွင်း၍ ဖမ်းဆီး၊ တားဆီးထားသော အောက်ဖော်ပြပါဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေးအာမခံချက် မရှိပါကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီအမည်	နိုင်ငံ
၁။	Xanax(Alprazolam)0.25 mg Tablet	Phamacia Pakistan(Pvt), Ltd.	Pakistan
၂။	Wyeth/Ativan(Lorazepam) 2 mg	Spencer Pharma(Pvt)Ltd. Karachi	Pakistan
၃။	Syntocinon (Synthetic Oxytocin 50 x 1 ml)	Novartis Pharma Pakistan	Pakistan

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင်မှတ်ပုံတင်ထားသောဆေးဝါးများကိုသာ ဆရာဝန်ညွှန်ကြားချက်ဖြင့် ဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။
၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံ ဘိုးဘွားရိပ်သာဖွင့်ပွဲ

ခိုင်းသိန်း (ကျိုင်းတုံ)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံဘိုးဘွားရိပ်သာဖွင့်ပွဲနှင့် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ် အမှာစကား ပြောကြားသည့် သတင်းမြင်ကွင်းကို လွန်ခဲ့သော ၂၀၀၆ခုနှစ် ဒီဇင်ဘာလအတွင်းက မြန်မာ့ရုပ်မြင်သံကြားတွင် တွေ့မြင်ခဲ့ရသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံဘိုးဘွားရိပ်သာဖွင့်ပွဲနှင့် (ဒုတိယအကြိမ်) အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီအချိန်က ကျိုင်းတုံ ဘိုးဘွားရိပ်သာ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် ဇနီး၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်တင်အေး၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ကိုကို၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တွဲဖက် ပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်လွင်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အသင်းဝင်များ၊ ကျိုင်းတုံဘိုးဘွားရိပ်သာ အမှုဆောင်ကော်မတီဝင်များ၊ အဘိုး အဘွားများ၊ အလှူရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ စုစုပေါင်း အင်အား ၅၀၀ကျော် တက်ရောက်ခဲ့ကြသည်။

အစီအစဉ်အရ နံနက် ၉နာရီအချိန်တွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် ကျိုင်းတုံဘိုးဘွားရိပ်သာ ကော်မတီဝင် ဦးကျော်တင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ကျိုင်းတုံဘိုးဘွားရိပ်သာ ဆိုင်းဘုတ်ကို ဖွင့်လှစ်နိုင်ရန်အတွက် တိုင်းမှူးနှင့် ဧည့်ပရိသတ်တို့သည် သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြပြီး အဘိုးဦးလုံးဆမ်နှင့် အဘွား ဒေါ်ပါလုံးကျန်တို့က ဘိုးဘွားရိပ်သာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခြင်းဖြင့် မင်္ဂလာရှိသောနေ့အဖြစ် သမိုင်းမှတ်တမ်းဝင်ခဲ့ပြီဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် တိုင်းမှူးက မိန့်ခွန်းအမှာစကားပြောကြားရာ၌ **ယခင်ကမရှိခဲ့သည့် ဘိုးဘွားရိပ်သာကို ဌာနဆိုင်ရာများ၊ စေတနာရှင်များ ပူးပေါင်း၍ မွန်မြတ်သောရည်ရွယ်ချက်၊ မြင့်မြတ်သော စေတနာတို့ဖြင့် ယခုကဲ့သို့ တည်ဆောက်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ကျိုင်းတုံမြို့ ဘိုးဘွားရိပ်သာကို အသက်အရွယ်ကြီးရင့်ပြီး ခိုကိုးရာမဲ့ ဆင်းရဲနွမ်းပါးသော အဘိုးအဘွားများ မတောင့်မတ မကြောင့်ကြရဘဲ စားဝတ်နေရေး၊ ဆေးဝါးကုသရေးမှအစ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာဖြင့် လောကီ လောကုတ္တရာနှစ်ဖြာအကျိုး အားထုတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ကျိုင်းတုံဘိုးဘွားရိပ်သာတွင် ကျိုင်းတုံခရိုင်နှင့် မိုင်းဖြတ်ခရိုင်မှ ဘိုးဘွားများနေထိုင်နိုင်ရန် စီစဉ်ထားပြီး တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်တို့မှ ဘိုးဘွားများနေထိုင်နိုင်ရန် တာချီလိတ်မြို့ ဘိုးဘွားရိပ်သာကိုလည်း ဆောင်ရွက်လျက်ရှိပြီး မကြာမီ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း။**

ကျိုင်းတုံဘိုးဘွားရိပ်သာတွင် သီးခြားအလှူရှင်များက ခုတင်၊ ခြင်ထောင်၊ မွေ့ရာ၊ စောင်၊ ခေါင်းအုံးနှင့် အခြားလိုအပ်သော ပရိဘောဂ အသုံးအဆောင်များ ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ဘိုးဘွားရိပ်သာ အမှုဆောင်ကော်မတီများဖွဲ့စည်း၍ လိုအပ်သော ဝန်ထမ်းများခန့်ထားပြီး အဘိုးအဘွားများ၏ စားသောက်ရေး၊ ကျန်းမာရေးအတွက် ဂရုတစိုက် စောင့်ရှောက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဘိုးဘွားရိပ်သာ တည်ဆောက်ရေးနှင့် ကျွေးမွေးပြုစု စောင့်ရှောက်ရေးအတွက် စေတနာ သဒ္ဓါတရားထက်သန်စွာ ပါဝင်လှူဒါန်းခဲ့ကြသော အလှူရှင်များအား ကျေးဇူးတင်ရှိကြောင်းနှင့် လှူဒါန်းသူများအား မှတ်တမ်းတင်ထားရှိပါကြောင်း၊ ဘိုးဘွားရိပ်သာအတွက် အလှူငွေများအား ဘာသာမရွေး မိမိတို့ တတ်အားသရွေ့ ပါဝင်လှူဒါန်းနိုင်ပါကြောင်း၊ ယနေ့ ဘိုးဘွားရိပ်သာ ဖွင့်ပွဲတွင် အဘိုးခြောက်ဦး၊ အဘွားငါးဦး စုစုပေါင်း ၁၁ဦးဖြင့် စတင်လက်ခံ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဝေးကွာသော တောင်ပေါ်ဒေသများရှိ အမှန်တကယ် အခက်အခဲကြုံတွေ့နေရသော တိုင်းရင်းသား အဘိုးအဘွားများ လာရောက်အပ်နှံ နေထိုင်နိုင်ရေးအတွက် အမှုဆောင်ကော်မတီဝင်များနှင့် စောင့်ရှောက်ရေးဝန်ထမ်းများမှ စေတနာအပြည့်အဝဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း စသည်ဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့အပြင် ဤကျိုင်းတုံဘိုးဘွားရိပ်သာအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်သည့် အလှူရှင်စာရင်းများကိုလည်း ကြုံကြိုက်သည့်အခိုက် တင်ပြလိုပါ၏။ လှူဒါန်းကြသူများမှာ အင်းလေးပရင့်ဆက်ဟိုတယ်မှ လှူဒါန်းငွေကျပ်သိန်း ၅၀၊ ဦးစိုင်းရွက် (နေဝင်းနီစက်သုံးဆီ အရောင်းဆိုင်)မှ လှူဒါန်းငွေကျပ်သိန်း ၅၀၊ ဦးသိန်းထိုက်နှင့် ဦးမြင့်ဌေး (ရတနာဖြိုးစက်သုံးဆီ)မှ လှူဒါန်းငွေကျပ်သိန်း ၅၀၊ ဦးသက်နိုင် (အေးရှားဝေါလ်ကုမ္ပဏီ)မှ လှူဒါန်းငွေကျပ်သိန်း ၅၀၊ ဦးအောင်ခင်နှင့် ဦးစိုင်းဝန်းကျော် (ဈေးတန်းလေး/ကျိုင်းလန်း)မှ လှူဒါန်းငွေကျပ်သိန်း ၄၀၊ လန်ဖုန်ဒန်နှင့် ဆာဟာခိုကုမ္ပဏီမှ လှူဒါန်းငွေကျပ်သိန်း ၃၀၊ ဝေမိသားစုမှ လှူဒါန်းငွေကျပ် ၂၅ သိန်း၊ ဦးနော်အောင်မိသားစု (ပါရမီဆောက်လုပ်ရေး)မှ လှူဒါန်းငွေကျပ် ၁၅ သိန်း၊ ဒေါက်တာမြင့်ဇော်နှင့် ဒေါက်တာဇင်မာဦး မိသားစုမှ လှူဒါန်းငွေကျပ် ငါးသိန်း၊ ကျိုင်းတုံမြို့ အလှူရှင်အသီးသီးမှ လှူဒါန်းငွေ စုစုပေါင်း ကျပ် ၂၃၉၇၂၀၀ အပါအဝင် အလှူရှင်အသီးသီးမှ လှူဒါန်းငွေ စုစုပေါင်းကျပ် ၃၄၁ သိန်းတို့အား ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့်ဇနီး၊ ဒုတိယတိုင်းမှူးနှင့် ဘိုးဘွားရိပ်သာကော်မတီဝင် တာဝန်ရှိသူများမှ အလှူငွေများ လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည့် မြင်ကွင်းမှာလည်း ကြည်နူးဝမ်းမြောက်ဖွယ်ဖြစ်ပါသည်။

တိုင်းမှူးနှင့်မိသားစုကလည်း ဘိုးဘွားများ စားသောက်ရေး ငွေပဒေသာပင်အတွက် လှူဒါန်းငွေကျပ် ငါးသိန်းအား ပေးအပ်ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက လည်းကောင်း၊ တြိဂံဒေသတိုင်း မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ လှူဒါန်းငွေကျပ် တစ်သိန်းအား ဒုတိယတိုင်းမှူး၏ ဇနီးက လည်းကောင်း၊ ဘိုးဘွားရိပ်သာကော်မတီဝင် ဦးကျော်တင့်က လှူဒါန်းငွေကျပ် တစ်သိန်းတို့အား လည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြပါသည်။

အထူးသဖြင့် ကျိုင်းတုံဘိုးဘွားရိပ်သာအတွက် စေတနာရှင်ပြည်သူများမှ ဘိုးဘွားရိပ်သာ တည်ဆောက်ရေးအတွက် ပထမအကြိမ် အလှူငွေကျပ် ၃၁၂သိန်း၊ ဒုတိယအကြိမ် အလှူငွေကျပ် ၃၄၁သိန်း စုစုပေါင်း လှူဒါန်းငွေကျပ် ၆၅၃သိန်းနှင့် ဘိုးဘွားများ နေ့စဉ်စားသောက်ရေး ပဒေသာပင်အတွက် အလှူရှင် ၁၄၅ဦးမှ ထည့်ဝင်လှူဒါန်းငွေကျပ် ၅၁သိန်းရရှိခဲ့ကြောင်းလည်း သိရပါသည်။

ယခုတည်ဆောက်ဖွင့်လှစ်ခဲ့သည့် ကျိုင်းတုံဘိုးဘွားရိပ်သာတွင် အဘိုး ၂၅ ဦးဆံ့ အိပ်ဆောင်တစ်ဆောင်၊ အဘွား ၂၅ဦးဆံ့ အိပ်ဆောင်တစ်ဆောင်၊ ထမင်းစားဆောင် တစ်ဆောင်၊ အုပ်ချုပ်မှုရုံးတစ်ဆောင်၊ မီးဖိုချောင် တစ်ဆောင်တို့ဖြင့် ဆောက်လုပ်ထားရှိပြီး ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေကျပ် သိန်းပေါင်း ၁၅၀၀ ကျော် ကုန်ကျကြောင်းလည်း သိရပါသည်။

ဤသို့ တက်ညီလက်ညီ ဆောင်ရွက်ခြင်းသည် မွန်မြတ်သော အမျိုးသားရေးလုပ်ငန်းတစ်ခုလည်း ဖြစ်ပါသည်။ ဒေသ၏စီးပွားရေး ကောင်းလာသည်နှင့်အမျှ ကျန်းမာရေး ဝန်ဆောင်မှုအခန်းကဏ္ဍလည်း မြင့်မားလာမည်။မြင့်မားလာအောင်လည်း ကျိုင်းတုံတွင် ခုတင် ၃၀၀ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့ပြီး အထူးကုဆရာဝန်များပါမကျန် နေ့စဉ် ကြပ်မတ် ကုသပေးနေပေပြီ။ မိုင်းယောင်း၊ မိုင်းဖြတ်၊ တာချီလိတ်၊ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းပြင်း၊ မိုင်းဆတ်၊ မိုင်းယု၊ မိုင်းလား၊ မော်ဖမက်မန်းဒေသ တို့ပါမကျန် မြို့နယ်အဆင့် ဆေးရုံများဖွင့်လှစ်ပေးပြီး ဆရာဝန် ဆရာမများနှင့် ဆေးဝါးများပါမကျန် နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးထားပါသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)နယ်မြေ ဆေးရုံတိုင်း ဆေးရုံတိုင်းတွင် ခုတင်တစ်လုံး (လူနာနေ)အတွက် ငွေပဒေသာပင် ကျပ်တစ်သိန်းစီ တိုင်းအစီအစဉ် အပါအဝင် အလှူရှင်ပြည်သူများ၏ အကူအညီဖြင့် ငွေပဒေသာပင် စိုက်ထူထားရှိပြီး ဖြစ်ပါသည်။ ပြုပြင်ရန်လိုအပ်သည့် မြို့နယ်အသီးသီးရှိ အထွေထွေရောဂါကုဆေးရုံများကိုလည်း အဆင့်မြှင့်တင်ကာ ပြင်ဆင် ထိန်းသိမ်းမှုများ ပြုလုပ်ပေးခဲ့ပြီး ဖြစ်ပါသည်။

ဤသို့သော ကျန်းမာရေးဝန်ဆောင်မှုများကို နိုင်ငံတော်က ငွေကြေး အကုန်အကျခံကာ တည်ဆောက်လုပ်ကိုင်ပေးပြီး ဖြစ်သည့်အပြင် ဒေသ၏လမ်းပန်းဆက်သွယ်ရေးကိုလည်း ယခင်ကနှင့်မတူ ထူးခြား တိုးတက်အောင် နိုင်ငံတော်က လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကူးသန်းရောင်းဝယ်ရေးမကျန် ယခင်ကထက် တိုးတက်လာပြီဖြစ်ပါသည်။

ယင်းသို့ ဒေသ၏စီးပွားရေးတိုးတက်မှုနှင့် ကျန်းမာရေးဝန်ဆောင်မှု အားကောင်းလာမှုနှင့်အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နေ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး အသက်ရှည်လာကြမည်။ သက်ကြီးရွယ်အိုတွေ များပြားလာမည်ဖြစ်ပါသည်။

ဤသို့ သက်ကြီးရွယ်အို များပြားလာသည်နှင့်အမျှ အသက်အရွယ် ကြီးရင့်ပြီး ခိုကိုးရာမဲ့ ဆင်းရဲနွမ်းပါးသည့် အဘိုးအဘွားများ မှီခိုအနားယူရန်အတွက် ဘိုးဘွားရိပ်သာတည်ဆောက်ရန် လိုအပ်လာပါသည်။ အနာဂတ်အရေးကို ကြိုတွေးကာ ဒေသနေ တိုင်းရင်းသားပြည်သူများ အကျိုးမျှော်ကိုးထောက်ရှုပြီး နိုင်ငံတော်ကိုယ်စား တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူးက ဦးဆောင်ကြိုးပမ်း ဆောင်ရွက်ခဲ့ရာ တစ်နှစ်တာအတွင်း အောင်မြင်ပြီးမြောက်ခဲ့ပြီဖြစ်သည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆိုရပါသည်။

မလုပ်သင့်၊ မလုပ်ထိုက်သောအလုပ်ကို ရှောင်ကြဉ်၊ ရှောင်ရှားခြင်းသည် ဝါရိတ္တသီလဖြစ်၍ လုပ်သင့်လုပ်ထိုက်သော ဒေသခံပြည်သူတို့၏ အကျိုးရှိရာ အကျိုးရှိကြောင်း အကျိုးပြုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်းသည် စာရိတ္တသီလဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုရပါမည်။ ဤသို့ ပြည့်စုံသော သီလကို အမြဲထာဝရ လုပ်ကိုင်ကြသူများသည် နောင်တမလွန်ဘဝတွင်လည်း ကောင်းကျိုးချမ်းသာရရှိပြီး ယခုလက်ရှိဘဝတွင်လည်း ရန်သူမျိုးငါးပါး ရန်စွယ်မှကင်းလွတ်၏ဟု ဗုဒ္ဓကျမ်းဂန်စာပေတို့တွင် လေ့လာဖတ်ရှုရပါသည်။

အထူးသဖြင့် အဘိဓမ္မာတရားထဲရှိ ကုသိုလ်ခန်းကိုလည်း ဖော်ပြလိုပါ၏။ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့ကို အချိုးကျကျ ဆောင်ရွက်တတ်ရန် လိုအပ်ပါသည်။ ကိုယ်တိုင် တိုက်တွန်းချီးမွမ်းပြီး စိတ်တူ၊ ကိုယ်တူလည်း လုပ်ကိုင်ကြရမည်။ ဆိုလိုသည်မှာ ကုသိုလ်သုံးမျိုးကို ကိုယ်တိုင်ချီးမွမ်းခြင်း၊ သူတစ်ပါးလုပ်ကိုင်ဆောင်ရွက်နေခြင်းကို ဖျက်လို၊ ဖျက်ဆီး မပြုလုပ်ဘဲ စိတ်တူ၊ သဘောတူရှိရမည်ဟု အဘိဓမ္မာတရားထဲတွင် ဖော်ပြထားပါသည်။

ခြုံ၍ဆိုရသော် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံတွင် ဘိုးဘွားရိပ်သာ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းသည် လူသာခုခေါ်၊ နတ်သာခုခေါ်သည့် မွန်မြတ်သန့်စင်သော အမျိုးသားရေးလုပ်ငန်းတစ်ခုကို ဆောင်ရွက်လိုက်ခြင်းပင်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မော်လမြိုင်ကျွန်း–တယ်ချောင်း ကျေးရွာချင်းဆက် လမ်းပေါ်ရှိ မီးသွေးဖိုချောင်းကူးတံတား တည်ဆောက်နေမှုကို ဇန်နဝါရီ ၈ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးတို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဒေါ်သန်းသန်းမြက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

သောက်သုံးရေ ဖူလုံစွာရရှိစေရေး ယင်းမာပင်၌ စည်ပင်အဖွဲ့ ဆောင်ရွက်

ယင်းမာပင် ဇန်နဝါရီ ၉

မြို့ပေါ်ရပ်ကွက်နေ ပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိစေရန် ယင်းမာပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေလှောင်တွင်းများ ရေထွက်နှုန်းကောင်းမွန်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၀ရက်က (ခ)ရပ်ကွက်ရှိ ခြောက်လက်မ ရေလှောင်တွင်းကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ တွင်းဆေးခြင်းလုပ်ငန်း ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်လွင်ဦးနှင့် အဖွဲ့တာဝန်ခံ အင်ဂျင်နီယာ ဦးတင်မောင်ဌေးတို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(ယာပုံ)** **(မြို့နယ် ပြန်/ဆက်)**

မရှိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ညောင်ပင်လေးပလာဇာ အမှတ်(၇၀၁)ဘီဆောင်နေ ဦးမောင်သိန်း-ဒေါ်နီနီလွင်၊ သားမောင်ငြိမ်းချမ်းအောင်၊ မောင်လှိုင်မင်းထက်၊ သမီး ဘောဘီနီနီလွင် မိသားစုက ကျောင်းအကျိုးဆောင် မဟာသိမ်တော်ကြီးစာချနာယကဆရာတော် အရှင်ဂန္ဓသာရ၏ရှေ့မှောက်တွင် အလှူငွေကျပ် ၁၃၅၀၀၀ လှူဒါန်းရာ ကျောင်းအမှုဆောင် ဒေါ်ကေသက်မော်က အလှူငွေလက်ခံယူစဉ်။ (က-ပ)

ကျိုက်မရောမြို့ ဘောဂလမ်း ကတ္တရာလမ်းသစ်ဖွင့်

ကျိုက်မရော ဇန်နဝါရီ ၁၀

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ကျိုက်မရောမြို့ ရှင်စောပုရပ်ကွက်(၃) ဘောဂလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၇ နာရီက အဆိုပါလမ်းရှိ မုခ်ဦး၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးညွန့်လှိုင်၊ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် လမ်းကော်မတီဝင် ဦးလှကျော်တို့က ဖဲကြိုးဖြတ်၍ ကတ္တရာလမ်းသစ်ကို ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါလမ်းသစ်မှာ အရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ ပေရှိပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၄၉ သိန်းနှင့် ပြည်သူများထည့်ဝင်ငွေကျပ် ၇ ဒသမ ၆ သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဘာသာစကားသင်တန်းများဖွင့်မည်

အင်္ဂလိပ်၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ပြင်သစ်၊ ဂျာမန်၊ စပိန်သင်တန်းများနှင့် ကွန်ပျူတာ၊ အီလက်ထရွန်နစ်နှင့် စာရင်းကိုင် **LCCI** သင်တန်းများကို ၃-၂-၂၀၀၇ ရက်တွင် ဖွင့်မည်။

စုံစမ်းရန် - မနောရမ္မပညာဒါနကျောင်း
ဖုန်း- ၅၃၇၀၂၆၊ ၅၁၈၀၂၄။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် မတလ/၁၀၄၇၇ **Luojia; mc** ယာဉ်လက်ဝယ်ရှိသူအမည် ဦးတာကုပါးဆပ် မှတ်ပုံတင်အမှတ် ၉/မမန(နိုင်)၀၆၅၈၂၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

အမွေခံသားအဖြစ်မှ စွန့်လွှတ်ရပ်စဲပြီး

သွာနုတ္တသားဖြစ်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း တာမွေမြို့နယ် ပုသိမ်ညွန့်(စံပြ)ရပ်ကွက် စိတ္တသုခလမ်း အမှတ်(၉၂)နေ ဦးထွန်းရီ ၁၂/တမန(နိုင်)၀၁၀၅၉၇၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးမျိုးသန့်နှင့် ဇနီးဒေါ်မြင့်မြင့်စန်းတို့သည် အလုပ်အကိုင်ဝင်ငွေရလမ်းမရှိသူ အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးမကောင်းသူ၊ ဖခင်ကြီး၏ ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် နည်းမျိုးစုံဖြင့် နှိပ်စက်သဖြင့် ဦးမျိုးသန့်အပေါ် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ရပ်စဲပြီး သွာနုတ္တသားဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးထွန်းရီ၏ လွှဲအပ်ညွှန်ကြားချက်အရ-

သန်လျင် ဦးထွန်း
LL.B; CBL.;DBL;DML;.DIL;D.A psy
တရားရုံးချုပ်ရှေ့နေ၊ ၈၃/၁၄၊ ပန်းဆိုးတန်းလမ်း။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရှမ်းပြည်နယ်(မြောက်ပိုင်း)နယ်တရားမရုံး၌

၂၀၀၆ခုနှစ်၊ တရားမကြီးအမှုအမှတ်-၄၀

၁။ ဒေါ်နော်ဖလောရင့် ၂။ ဒေါ်နော်ဖလောစီ (၎င်းတို့၏ အထွေထွေကိုယ်စားလှယ်စာရသူဒေါ်ခင်မြင့်ဌေး)အမှတ်(၆) မေတ္တာလမ်း၊ရပ်ကွက်(၁)နယ်မြေ(၄) လားရှိုးမြို့။	**နှင့်**	၁။ ဒေါ်နော်အင်ဂျလာ ၂။ ဦးစောနော်လင် အမှတ်(၂၉)မြောင်းမြလမ်း၊ ရပ်ကွက်(၁)၊နယ်မြေ(၃) လားရှိုးမြို့။
တရားလိုများ		**တရားပြိုင်များ**

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၃)၊ အမှတ်(၂၉) မြောင်းမြလမ်းနေ ၁။ ဒေါ်နော်အင်ဂျလာ ၂။ ဦးစောနော်လင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ၁။ဒေါ်နော်ဖလောရင့် ၂။ဒေါ်နော်ဖလောစီ (၎င်းတို့၏ အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ခင်မြင့်ဌေး)က လားရှိုးမြို့၊ ရပ်ကွက်(၁) နယ်မြေ(၃)၊ အကွက်အမှတ်(၁၁/ဇ)ဗျူဟာလမ်းရပ်၊ ဦးပိုင်အမှတ်(၁၉/၆၂) မြေချိန်ဧရိယာ (၀ ဒသမ ၂၂၃)ဧကရှိ မြေနှင့်မြေပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် ပူးတွဲအမွေဆိုင်ပစ္စည်းဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက် (၁၃၆၈ခုနှစ် တပို့တွဲလပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀နာရီ အချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၀ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မောင်မောင်ရွှေ
တွဲဖက်ပြည်နယ်တရားသူကြီး
ရှမ်းပြည်နယ်တရားရုံး(မြောက်ပိုင်း)၊
လားရှိုးမြို့။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊နည်းဥပဒေ ၆၆)

မိတ္ထီလာခရိုင်တရားရုံး

၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်- ၂၀

မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့။	**နှင့်**	၁။ ဦးမြင့်သိန်း ၂။ ဒေါ်လှသီ
တရားနိုင်		**တရားရှုံး**

၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၁၈တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၂၈ရက် (မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ် တပေါင်းလဆန်း ၁၃ရက်) မွန်းမတည့်မီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ပြည်သာယာရပ်ကွက်ရှိ အကွက်အမှတ်(ဂ/ပြည်သာယာတောင်) မြေကွက်အမှတ်(၂၀၈)၊ ဧရိယာ ၀ ဒသမ ၀၄၀ဧကရှိ မြေနှင့်ယင်းမြေကွက်ပေါ်ရှိ (ပေ၃၀x၂၇ပေ)ရှိ တစ်ထပ်တိုက်၊ (၂၇ပေx၈ပေ)ရှိ မီးဖိုချောင်၊ အုတ်ရေကန်။

လေလံကြမ်းခင်းဈေး ကျပ် (၅၅) သိန်း

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးတင့်
ခရိုင်တရားသူကြီး
မိတ္ထီလာမြို့။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မိတ္ထီလာခရိုင်တရားရုံး

၂၀၀၆ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၂

မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့။	**နှင့်**	၁။ ဦးစိုးညွန့် ၂။ ဒေါ်ခင်မာဦး
တရားနိုင်		**တရားရှုံး**

၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ် ၃၉ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက် (မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်) မွန်းမတည့်မီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ပြည်သာယာမြောက်ရပ်ကွက် ဦးပိုင်အမှတ်(၁၂၇)၊ မြေကွက်အမှတ်(ခ/ပြည်သာယာမြောက်)၊ မြေချိန်ဧရိယာ(၀ ဒသမ ၀၃၄) ဧကရှိ မြေနှင့်မြေပေါ်ရှိ (၂၇x၂၇)ပေရှိ လူနေတစ်ထပ်တိုက် (၉x၂၇)ပေရှိ မီးဖိုချောင်နှင့်ရေချိုးခန်း။

လေလံကြမ်းခင်းဈေး ကျပ်သိန်း(၄၀)

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးတင့်
ခရိုင်တရားသူကြီး
မိတ္ထီလာမြို့။

ဓာတ်လှေကား(၂)စင်း ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်လျက်ရှိသော မရမ်းကုန်းမြို့နယ် တော်ဝင်လမ်းပေါ်ရှိ RYCH ဟိုတယ်သစ်တွင် တပ်ဆင်ပေးမည့် ဓာတ်လှေကား(၂)စင်းအတွက် ချိပ်ပိတ်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းလွှာ တင်သွင်းလိုသူများအနေဖြင့် တင်သွင်းလိုသည့် ပစ္စည်းအမျိုးအမည်Specification ဈေးနှုန်းနှင့် အခြားလိုအပ်သော အချက်အလက်အပြည့်အစုံကို ဖော်ပြ၍ ၃၁-၁-၂၀၀၇ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၀၀နာရီနောက်ဆုံးထား၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပစ္စည်းဝယ်ယူရေးအဖွဲ့သို့ တင်သွင်းလျှောက်ထားနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ဒုတိယဌာနမှူးရုံး၊ လက်ထောက်ဌာနမှူးရုံး(လျှပ်စစ်)သို့ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၉-၅၁၄၅၀၄၃၊ ၀၉-၅၁၂၆၆၆၅၊ ၂၄၈၁၁၂လိုင်းခွဲ(၂၇၇၊ ၂၉၂)သို့ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ချိပ်ပိတ်တင်ဒါ (Sealed Tender) များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

ချိပ်ပိတ်တင်ဒါအမှတ် ၂၅/၂၆/၂၇/၂၈/မမ/ပြည်တွင်း/၂၀၀၆-၂၀၀၇

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Woodfree Paper 31"x43"(60)gsm	200 Ream
2.	Underground Power Cable 10mm^2 x 2C	4025 Meter
3.	Underground Singnalling Cable 2.5mm^2 x 7C/40C	2725 Meter
4.	Lubricant SAE-40	272 Drum

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် ၈-၂-၂၀၀၇ (ကြာသပတေးနေ့)(၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၅-၁-၂၀၀၇ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၁၉၈၂၊၂၉၁၉၈၅ (၂၀၁၅၅၅-လိုင်းခွဲ-၆၀၁၊၆၁၃)။

ချိပ်ပိတ်တင်ဒါ (Sealed Tender) ခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းလက်အောက်ရှိ စက်ဘီးစက်ရုံ တိုးချဲ့စီမံကိန်းများအတွက် စက်နှင့်စက်ပစ္စည်း၊ Mould & Die များ၊ ကုန်ကြမ်းဝယ်ယူခြင်းနှင့် နည်းပညာများရယူလိုပါ၍ ချိပ်ပိတ်တင်ဒါများ ခေါ်ယူပါသည်။

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၆-၁-၂၀၀၇ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တယ်လီဖုန်းအမှတ်- ၀၁-၅၆၀၆၈၄၊ ၀၆၇-၄၀၈၁၄၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

ရန်ကုန် ဇန်နဝါရီ ၂၅

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄**၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **နယူးလိုက်အော့ဖ် မြန်မာသတင်းစာတိုက် အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ဗိုလ်တထောင် မြို့နယ်၊ ဖုန်း- ၃၉၂၂၂၃** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ရုံးဖွင့်ရက်များ၌ နေ့စဉ်နံနက် ၁၀နာရီမှ ညနေ ၄ နာရီအထိ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၈)မှ သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုညစာတည်ခင်းဧည့်ခံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၈)မှ သင်တန်းသား သင်တန်းသူများအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲတွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၈)မှ သင်တန်းသား သင်တန်းသူများအား ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ မြက်ခင်းပြင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ စာမျက်နှာ ၃ ကော်လံ ၃

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်လာသော အမေရိကန်နှင့် ဗြိတိန်တို့၏ မှုမမှန်သောလုပ်ရပ်ကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးက ဆန့်ကျင်ကန့်ကွက်လိုက်ခြင်းသည်

ကမ္ဘာ့နိုင်ငံအများစုကြီး၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား လေးစားတန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်မှုကို ပြဆိုလိုက်ခြင်းဖြစ်

နေပြည်တော် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်ခြယ်လှယ်နိုင်ရေးအတွက် အမေရိကန်နှင့် ဗြိတိန်တို့ပူးပေါင်းပြီး ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်း တင်သွင်းခဲ့သော်လည်း လုံခြုံရေးကောင်စီ၌ ဗီတို Double Veto ဖြင့် ကန့်ကွက်ပယ်ချခဲ့သည်။

ဗီတို Double Veto ဖြင့် ကန့်ကွက်ပယ်ချခဲ့သော လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နှစ်နိုင်ငံမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ဖြစ်ပြီး တောင်အာဖရိကသမ္မတနိုင်ငံကလည်း ဆန့်ကျင်ကန့်ကွက်မဲ ပေးခဲ့သည်။ သုံးနိုင်ငံက ကြားနေမဲပေးခဲ့ပြီး ထောက်ခံမဲပေးခဲ့သောနိုင်ငံများမှာ အမေရိကန်နှင့် ဗြိတိန်အပါအဝင် ကိုးနိုင်ငံဖြစ်သည်။ စာမျက်နှာ ၁၀ ကော်လံ ၃

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ သဘောထား ကြေညာချက်

မြန်မာနိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးနေသော အခြေအနေကို မျက်ကွယ်ပြုထားသော ဆုံးဖြတ်ချက်တင်သွင်းခြင်းသည် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်သဖြင့် အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့၏ လုပ်ရပ်ကို ရှုတ်ချ

ရန်ကုန် ဇန်နဝါရီ ၂၅

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။ စာမျက်နှာ ၁၁ ကော်လံ ၁

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း သဘောထားထုတ်ပြန်ကြေညာချက်

မြန်မာနိုင်ငံ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန် အမေရိကန်နှင့် ဗြိတိန်တို့၏ အဆိုပြုဆုံးဖြတ်ချက် မူကြမ်းတင်သွင်းမှု အောင်မြင်မှုမရရှိဘဲ ပျက်ပြားသွားခြင်းကို နှစ်ထောင်းအားရဖြစ်မိ

ရန်ကုန် ဇန်နဝါရီ ၂၅

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းက ဇန်နဝါရီ ၂၄ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။ စာမျက်နှာ ၁၁ ကော်လံ ၄